စက်မှုအလင်း ဂျာနယ်

Beacon of Industry

Vol.2, No.22 - Dec 15 , 2017 www.industry.gov.mm စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်၊ ဝင်ငွေရရှိမှုနှင့်အတူ အခွန်ငွေရရှိမှုလည်း တိုးတက်လာမည်

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၇) အစည်းအဝေးကို ဒီဇင်ဘာလ ၁၃ ရက်နေ့၊ နံနက် ၉ နာရီခွဲတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမဌကျင်းပရာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။



အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။



အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက 'နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (Small and Medium Enterprise-SME) များ ပါဝင်မှုသည် ၉၉ ရာခိုင်နှုန်းရှိပြီး နိုင်ငံ၏စီးပွားရေးစွမ်းရည်မြှင့်တင်ပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဓိကမောင်းနှင်အား (Main Driving Engine)အဖြစ် အရေးပါနေကြောင်း၊ SME များ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေရရှိမှုနှင့်အတူ အစိုးရ၏အခွန်ငွေရရှိမှုလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများအကြားအလုပ်အကိုင်ဖန်တီး၍ ဝင်ငွေရရှိသဖြင့် နိုင်ငံတွင်း ဝင်ငွေလည်ပတ်စီးဆင်းမှုကို မှန်ကန်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် ဒုတိယအချက်ဖြစ်သည့် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုတို့ကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) ကို ပံ့ပိုးကူညီပေးရန်ဟု ဖော်ပြပါရှိပါကြောင်း၊ သို့ဖြစ်၍ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများနှင့်ရည်မှန်းချက်များချမှတ်၍ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာဖွံ့ဖြိုးမှုနှင့်တီထွင်ဖန်တီးတတ်မှု၊ ငွေကြေးအရင်းအမြစ်၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး၊ သင့်လျော်သော အခွန်အကောက်နှင့်လုပ်ထုံးလုပ်နည်းများ၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများရရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အသေးစားနှင့်အလတ်စားထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန် SME လုပ်ငန်းများ

၂













အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ရှင်းလင်းတင်ပြစဉ်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ ဆွေးနွေးတင်ပြစဉ်။













စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ (၁/ ၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် ၁၅ ချက်ချမှတ်ခဲ့ကာ ဆုံးဖြတ်ချက်များကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတ၊ တွဲဖက်ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယဥက္ကဋ္ဌများအဖြစ် ဒုတိယသမ္မတနှစ်ဦးအပါအဝင် ပြည်ထောင်စုအဆင့် ၁၉ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ အသိပညာရှင်၊ အတတ်ပညာရှင် ၅ ဦး၊ စုစုပေါင်းအဖွဲ့ဝင် ၂၄ ဦးတို့ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ SME ဥပဒေပုဒ်မ (၆) ပါ အခြေခံမူများနှင့်အညီ SME များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရေးအတွက် SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် ၁၁ ရပ်ရှိသည့်အနက် ပုဒ်မခွဲ (ည) နှင့် (ဠ) တို့အရ လုပ်ငန်းကော်မတီဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်းတို့ ဖော်ပြပါရှိပါကြောင်း၊ SME ဥပဒေအခန်း (၅)၊ ပုဒ်မ ၇ ပုဒ်မခွဲ (က) အရ SME ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ SME လုပ်ငန်းကော်မတီကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယ သမ္မတ (၁) အပါအဝင် အစိုးရအဖွဲ့မှ ၃၂ ဦး၊ စီးပွားရေးပညာရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ SME လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ် ၈ ဦး၊ စုစုပေါင်းအဖွဲ့ဝင် ၄၀ ဖြင့်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် လုပ်ငန်းကော်မတီ၏ပထမအကြိမ်အစည်းအဝေးဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြပေးကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ ဥပဒေပုဒ်မ (၈) အရ SME လုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန် ၁၄ ရပ်ကိုချမှတ်ခဲ့ပြီး မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် SME ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လက်တွေ့ကျသော ချဉ်းကပ်မှုမျိုးနှင့် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ နိုင်ငံအတွင်းရှိ ငွေကြေးအရင်းအမြစ်၊ လူသားအရင်းအမြစ်၊ အတတ်ပညာအရင်းအမြစ်နှင့် ဒေသတွင်းရရှိနိုင်သော အရင်းအမြစ်များကို ဖော်ထုတ်အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဈေးကွက်ကိုအခြေခံသည့် Market Economy တွင် စီးပွားရေးတိုးတက်မှုဆိုသည်မှာ Profit Margin အမြင့်ဆုံးဆောင်ရွက်နိုင်သည်ထက် သင့်တင့်လျောက်ပတ်သည့် Profit Margin တစ်ရပ်ကို အချိန်ကာလ အတိုင်းအတာတစ်ခုထိ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပင်ဖြစ်ပါကြောင်း၊ SME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် SME Development Framework နှင့်ပတ်သက်၍ အဓိကအစိတ်အပိုင်းများနှင့်အထောက်အကူပြု အစိတ်အပိုင်းများဟူ၍ရှိပါကြောင်း၊ အဓိက

စာမျက်နှာ ၃ သို့-


အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၇) အစည်းအဝေး ကျင်းပစဉ်။


အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ ဆွေးနွေးတင်ပြစဉ်။


အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ ဆွေးနွေးတင်ပြစဉ်။


လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင် ရှင်းလင်းတင်ပြစဉ်။


လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၂ မှ-

အစိတ်အပိုင်းများတွင် Macro-economic Policies နှင့်သက်ဆိုင်သည့် Low Budget Deficit ကိစ္စ၊ ငွေကြေးလဲလှယ်မှုတည်ငြိမ်ရေး၊ အတိုးနှုန်းနှင့်ဆက်စပ်မှုရှိနေပါကြောင်း၊ ထို့ကြောင့် SME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဆက်စပ်ဌာနများနှင့်အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ Microeconomic Environment နှင့်ဆက်နွှယ်သည့်ကိစ္စရပ်များတွင် စည်းမျဉ်းစည်းကမ်းများ လွယ်ကူချောမွေ့ခြင်း၊ ကောင်းမွန်သောစီမံခန့်ခွဲမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး၊ သင့်တင့်လျောက်ပတ်သည့် အခြေခံအဆောက်အအုံ၊ အခြေအနေနှင့်လိုက်လျောညီထွေဆောင်ရွက်နိုင်သည့်ကျွမ်းကျင်မှုနှင့် အရည်အချင်းပြည့်ဝသော လုပ်သားထုများရှိခြင်းတို့ဖြစ်ပါကြောင်း၊ အေအီးစီ ၂၀၁၅ မျှော်မှန်းချက်တွင်လည်း Mirco, Small and Medium Enterprises (MSME) များအတွက် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရာတွင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အမျိုးသမီးစွမ်းဆောင်ရှင်များအတွက် အထူးအလေးထား ဆောင်ရွက်သွားရန် ဖော်ပြထားပါကြောင်း၊ အာဆီယံဒေသတွင်း၌လည်း SME များ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရေရှည်ယှဉ်ပြိုင် ရပ်တည်သွားနိုင်ရန်အတွက် ASEAN Strategic Action Plan (2016-2025) ကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ASEAN SME လုပ်ငန်း အကောင်အထည်ဖော်ရေး ပူးပေါင်းကော်မတီ (ACCM-SME) နဲ့ OECD တို့ပူးပေါင်းပြီး ဒေသတွင်း SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒဆိုင်ရာများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအပေါ်တွင် မူဝါဒဆိုင်ရာအညွှန်းကိန်းများကို OECD က လေးနှစ်တစ်ကြိမ် ဖော်ပြလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်၊ ASEAN SME Policy Index အရ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားသည် Policy Index အနေဖြင့် အမြင့်ဆုံး၌ ရပ်တည်နေကြပြီး ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့သည် အနိမ့်ဆုံးအခြေအနေတွင် ရပ်တည်နေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SME Development Policy Index မြင့်မားစေရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Index Score မြင့်မားစေရေးအတွက် OECD က သတ်မှတ်ထားသည့်အချက်များဖြစ်သည့် SME များအတွက် အသင်းအဖွဲ့ဆိုင်ရာ ဖွဲ့စည်းမှုမူဘောင်၊ ဝန်ဆောင်မှုရရှိမှုအခြေအနေ၊ SMEs များ သက်သက်သာသာ လျင်မြန်စွာလုပ်ငန်းစတင်နိုင်ရေးနှင့် ပိုမိုကောင်းမွန်သောဥပဒေနှင့် စည်းမျဉ်းများအခြေအနေ၊ ငွေကြေးအထောက်အပံ့ရရှိမှု၊ နည်းပညာနှင့်နည်းပညာလွှဲပြောင်းပေးနိုင်မှု၊ နိုင်ငံတကာဈေးကွက်ချဲ့ထွင်နိုင်မှု၊ စွန့်ဦးစီးပွားပညာရပ်များ မြှင့်တင်ပေးနိုင်မှု၊ အသေးစားလုပ်ငန်းများ၏ စိတ်ဝင်စားမှုကို ပိုမိုထိရောက်စွာဆောင်ရွက်ပေးနိုင်မှု စသည့်ညွှန်းကိန်းရှစ်ခုဖြင့် အဆင့်ခွဲခြားသတ်မှတ်ခြင်းဖြစ်သည့်အတွက် အဆိုပါအခြေအနေများအပေါ်တွင် ကောင်းမွန်မှန်ကန်သည့် လုပ်ငန်းစဉ်များ ပိုမိုဖော်ထုတ်ဆောင်ရွက်သွားမှသာ အဆင့်တက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအားအားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံအတွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် ကောင်းမွန်သောစီးပွားရေးဝန်းကျင်ကို ဖော်ဆောင်လျက်ရှိသော်လည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ဈေးကွက်၊ ငွေကြေးစီမံခန့်ခွဲရေးနှင့် တီထွင်ဆန်းသစ်မှုအပိုင်းတွင် ပညာရပ်ဆိုင်ရာအသိအမြင် ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးတို့အတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏စီးပွားရေးအတွက် အဓိကကျောရိုးသဖွယ်ဖြစ်သည့် SME လုပ်ငန်းများအတွက် ပို့ကုန်မြှင့်တင်ရေး၊ တီထွင်ဆန်းသစ်ရေးတို့ကို အခြေပြုသည့် လုပ်ငန်းသစ်များ ပေါ်ထွက်လာရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ယခုဆွေးနွေးပွဲတွင်လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြသွားကြရန် လိုပါကြောင်း' ပြောကြားသည်။

ထို့နောက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက **'အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် SME လုပ်ငန်းများ ဖွဲ့စည်းညှိနှိုင်းရေး'** နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က **'အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး'** နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းကော်မတီ၏ ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်

စာမျက်နှာ ၄ သို့-


အမြဲတမ်းအတွင်းဝန်
(အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)
ဆွေးနွေးတင်ပြစဉ်။


အမြဲတမ်းအတွင်းဝန်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
ဆွေးနွေးတင်ပြစဉ်။


ဦးလင်း
နာယက
(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)
ဆွေးနွေးတင်ပြစဉ်။


ဒေါက်တာထွန်းသူရသက်
တွဲဖက်အတွင်းရေးမှူး
(မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်)
ဆွေးနွေးတင်ပြစဉ်။


ဦးဇော်မင်းဝင်း၊ ဥက္ကဋ္ဌ
(မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)
ဆွေးနွေးတင်ပြစဉ်။


ဒေါက်တာဇေယျာညွန့်
အမှုဆောင်အရာရှိချုပ်၊ SMIDB
ဆွေးနွေးတင်ပြစဉ်။


ဦး Dennis ဝင်းသိန်း
ဆွေးနွေးတင်ပြစဉ်။


ဦးထွန်းထွန်းနိုင်၊ ဥက္ကဋ္ဌ
(လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း)
ဆွေးနွေးတင်ပြစဉ်။


ဦးသောင်းဝင်း
(မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း)
ဆွေးနွေးတင်ပြစဉ်။


ဒေါက်တာအောင်သိန်း၊ ဥက္ကဋ္ဌ
(မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း)
ဆွေးနွေးတင်ပြစဉ်။

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
# သာဂရစက်မှုနယ်မြေရှိ စက်ရုံများနှင့်စက်မှုသင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ **သာဂရစက်မှုနယ်မြေရှိ အမှတ် (၁၅) အကြီးစားစက်ရုံ (သာဂရ)** သို့ရောက်ရှိပြီး Metal Forming shop အတွင်း၌ သီးနှံများသိုလှောင်ရန်အတွက် Silo များ ထုတ်လုပ်မည့်အခြေအနေ၊ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေ၊ Machine Process shop နှင့် Assembly shop တွင် လူနာတင်ယာဉ်များ ထုတ်လုပ်တပ်ဆင်မည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ပစ္စည်းများအား အမြဲတစေကောင်းမွန်နေစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စက်ရုံမှ ထုတ်လုပ်တပ်ဆင်မည့် လူနာတင်ယာဉ်များသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရမည်ဖြစ် သဖြင့် အရည်အသွေးကောင်းမွန်ရမည့်အပြင် လက်ရာသေသပ်ပြီး ရေရှည်အသုံးပြုနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို စေတနာထား၍ တက်တက်ကြွကြွဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများပြီးမြောက်အောင်မြင်စေရန် စည်းစည်းလုံးလုံးဖြင့် ညီညွတ်နိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်ရန်အတွက် ပြည်ပမှကျွမ်းကျင်ပညာရှင်များ လာရောက်၍လက်တွေ့သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ရေရှည်တွင် ဖန်တီးထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၂၆) အကြီးစားစက်ရုံ (သာဂရ)** သို့ရောက်ရှိပြီး မြစ်ချောင်းများ၏ ရေစီးကြောင်းတွင် တိုက်ရိုက်နေရာချ၍ အသုံးပြုနိုင်သည့်တာဘိုင်ငယ်များ စမ်းသပ်ထုတ်လုပ်နေသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ)** သို့ရောက်ရှိပြီး Testing Shop တွင် အင်ဂျင်များလောင်စာဆီသက်သာစေရန်နှင့် စွမ်းရည်ပြည့်မီရန် စမ်းသပ်လျက်ရှိသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စမ်းသပ်လည်ပတ်သည့်အင်ဂျင်များ၏ အချက်အလက်များကိုအခြေခံ၍ လက်တွေ့အောင်မြင်အောင် ဆောင်ရွက်နိုင်သည်အထိ လုပ်ဆောင်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ)** သို့ရောက်ရှိပြီး သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများကို အခြေခံနည်းစနစ်ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးရန်လိုကြောင်း၊ ပစ္စည်းများအား တီထွင်ဆန်းသစ်၍ ထုတ်လုပ်မည်ဆိုပါက အခြေခံကျသည့် ဒီဇိုင်းကောင်းရန် အရေးကြီးကြောင်း၊ လုပ်ငန်းခွင်တွင် အမှန်တကယ် ပြန်လည်အသုံးချနိုင်သည့် ဘာသာရပ်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ Upgrade ပြုလုပ်ပေးရန်လိုကြောင်း၊ သင်တန်းနည်းပြဆရာ/ဆရာမများအနေဖြင့် သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးနေသလို မိမိတို့၏အရည်အသွေးပိုမိုတိုးတက်စေရေး အစဉ်လေ့လာသင်ယူနေရန်နှင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်တတ်မြောက်မှုရှိစေရန် လေ့လာကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ ❑



ပြည်ထောင်စုဝန်ကြီး အမှတ် (၁၅) အကြီးစားစက်ရုံ (သာဂရ) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး
အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) ၏ သင်ကြားရေးခန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၃ မှ-**

ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဖွဲ့စည်းတည်ထောင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဒင်းနစ်ဝင်းသိန်းက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအတွေ့အကြုံများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည့် အခြေအနေများကို အကြံပြုဆွေးနွေးသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စီးပွားရေးပညာရှင်များက အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချိုနှင့် ဦးကျော်ဝင်းတို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ထို့နောက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

# မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ တပ်ဆင်တည်ဆောက်ခြင်း၊ အစိတ်အပိုင်းများထုတ်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း) အပေါ် ညှိနှိုင်းဆွေးနွေး



မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ တပ်ဆင်တည်ဆောက်ခြင်း၊ အစိတ်အပိုင်းများထုတ်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သူများ၏ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၂၉ ရက်နေ့၊ နေ့လယ် ၁ နာရီမှ ၃ နာရီခွဲအထိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ကျင်းပခဲ့သည်။

အစည်းအဝေး၌ (၂၀. ၁၀. ၂၀၁၇) ရက်နေ့တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၌ ဆွေးနွေးခဲ့ကြသည့် ဒုတိယ (မူကြမ်း) တွင် ပါဝင်သည့်အကြောင်းအရာများကို အခန်းအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြပြီး မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ တပ်ဆင်တည်ဆောက်ခြင်း၊ အစိတ်အပိုင်းများထုတ်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ၏တတိယ (မူကြမ်း) ကိုပြုစုခဲ့ကြသည်။ အဆိုပါဥပဒေသည် မကြာမီထုတ်ပြန်နိုင်ရေးဆောင်ရွက်ဆဲဖြစ်သည့် ၂၀၁၇ ခုနှစ်၊ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကိုအခြေခံထားပြီး မော်တော်ယာဉ်ဆိုင်ရာထုတ် ကုန်ပစ္စည်းများ၏ အရည်အသွေးပြည့်မီမှု၊ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေရန်၊ မော်တော်ယာဉ်ဆိုင်ရာ စက်မှုကဏ္ဍတစ်ရပ် စနစ်တကျပေါ်ထွန်းလာရန်နှင့် မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးမြှင့်တင်ပေးသွားရန် ရည်ရွယ်ထားကြောင်း ဖော်ပြထားသည်။

အစည်းအဝေးကို ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဦးဆောင်ဆွေးနွေးခဲ့ပြီး Focal Ministry ဖြစ်သည့် စက်မှုဝန်ကြီးဌာနမှ ဥပဒေဒုတိယ (မူကြမ်း) ၏ အခန်း (၃) မှ အခန်း (၈) အထိ အသေးစိတ်ဆွေးနွေးတင်ပြခဲ့သည်။ အစည်းအဝေးသို့ မော်တော်ယာဉ်ကဏ္ဍနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ စုစုပေါင်း ၄၅ ဦးတက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

# ABB Technology and Knowledge Sharing Program ကျင်းပ

စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ စွမ်းအင်ခြိုးခြံချွေတာရေးဌာနနှင့် ABB Limited တို့ပူးပေါင်း၍ 'ABB Technology and Knowledge Sharing Program of Energy Efficiency and IEC Measurement Standards for Motors and Drives' ခေါင်းစဉ်ဖြင့် အသိပညာဖြန့်ဝေခြင်း အစီအစဉ်တစ်ရပ်ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနား၌ စက်မှုလုပ်ငန်းများတွင် အသုံးပြုသည့် Induction Motor များအတွက် သတ်မှတ်ထားသည့် International Electrotechnical Commission-IEC Standard များ၊ Motor များအတွက် နိုင်ငံတကာအဆင့်သတ်မှတ်ထားသော International Efficiency -IE Class ခွဲခြားထားမှုများ၊ Direct On Line (DOL) စနစ်၊ Soft starter စနစ်သုံး Motor များနှင့် Variable Speed Drive (VSD)၊ Variable Frequency Drive (VFD) စနစ် Motor များ၏ အလုပ်လုပ်ပုံများ၊ ကွာခြားချက်များ၊ စွမ်းအင်ထိရောက်စွာသုံးစွဲနိုင်မှုဆိုင်ရာ အားသာချက်များ စသည်တို့ကို ထိုင်းနိုင်ငံ၊ ABB Limited မှ နိုင်ငံခြားသားပညာရှင်များမှ လာရောက်ရှင်းလင်းဆွေးနွေးခဲ့ရာ စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ လုပ်ငန်းများမှကိုယ်စားလှယ်များ၊ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများမှ ကျွမ်းကျင်ပညာရှင်များအား သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



❏

# လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ သာဂရစက်မှုနယ်မြေရှိစက်ရုံများသို့ သွားရောက်လေ့လာ

လတ်တလောရပ်ဆိုင်းထားသည့်စက်ရုံများအား လေ့လာသုံးသပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများဖြင့်ဖွဲ့စည်းထားသည့် လေ့လာ သုံးသပ်ရေးအဖွဲ့ဝင်များသည် **စက်မှုဝန်ကြီးဌာန၊ သာဂရစက်မှုနယ်မြေရှိ အမှတ် (၁၄) အကြီးစားစက်ရုံ၊ အမှတ် (၁၅) အကြီးစားစက်ရုံနှင့် အမှတ် (၂၆) အကြီးစားစက်ရုံများ** သို့ ဒီဇင်ဘာလ ၁၀ ရက်နေ့က သွားရောက်ကြည့်ရှု လေ့လာသုံးသပ်မှုများပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများက စက်ရုံအလုပ်ရုံအတွင်းလှည့်လည်ရှင်းလင်းပြသခဲ့ကြောင်းသိရသည်။



# ၂၀၁၈ ခုနှစ် ကားတင်သွင်းခွင့် မော်ဒယ်သတ်မှတ်ချက်၌တက္ကစီများမပါဝင်

၂၀၁၈ ခုနှစ်အတွက် ပြည်တွင်းသို့တင်သွင်းမည့်ကားများနှင့်ပတ်သက်၍ မော်ဒယ်သတ်မှတ်ချက်ထုတ်ပြန်ရာတွင် တက္ကစီများပါဝင်ခြင်းမရှိကြောင်းသိရသည်။ အငှားယာဉ်များတင်သွင်းခွင့်ပါမစ်ထုတ်ပေးခြင်းကို ၂၀၁၆ ခုနှစ်မှစ၍ ရပ်ဆိုင်းထားသည့်အပြင် လာမည့်နှစ်အတွက် ကားတင်သွင်းခွင့်ပြုသည့် ကြေညာချက်တွင် တက္ကစီများအတွက် သတ်မှတ်ချက်များမပါဝင်ကြောင်းတွေ့ရသည်။ အဆိုပါ ကားတင်သွင်းမှုမော်ဒယ်သတ်မှတ်ချက်များတွင် အနိမ့်ဆုံးတင်သွင်းခွင့်ပြုထားသည့်မော်ဒယ်များအဖြစ် ၂၀၁၄ မော်ဒယ်မှ ၂၀၁၈ မော်ဒယ်အတွင်းရှိ ဘယ်မောင်းကားအမျိုးအစားသာတင်သွင်းခွင့်ပြုထားရာ ရန်ကုန်တိုင်းဒေသကြီးတွင် ရာသက်ပန်တက္ကစီ AA, BB, CC နံပါတ်အငှားယာဉ်စီးရေ ၃၀,၀၀၀ နှင့်ရာသက်ပန်တက္ကစီမဟုတ်သည့် နံပါတ်အနက်မှနံပါတ်အနီပြောင်းထားသော အငှားယာဉ်စီးရေ ၃၀,၀၀၀ အထိရှိနေကြောင်းသိရသည်။

**ဝင်းမြင့်ဦး**

# ရောင်းအားအကောင်းဆုံး ဆေးဝါးအရောင်းဆိုင်များအား ဆုများချီးမြှင့်

စက်မှုဝန်ကြီးဌာန၊ ဆေးဝါးစက်ရုံ (အင်းစိန်) BPI နှင့်ဆေးဝါးစက်ရုံ (ကျောက်ဆည်) တို့မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်စံနှုန်းများနှင့်အညီ ဆေးပြား၊ ဆေးရည်၊ ဆေးမှုန့်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ မျက်စဉ်းဆေး၊ ဂလူးကို့စ်နှင့် တစ်ခါသုံးဆေးထိုးအပ်များနှင့် မြွေဆိပ်ဖြေဆေးများအပြင် အခြားသော ကာကွယ်ကုသဆေးများစသည်ဖြင့် ဆေးအမျိုးအစားပေါင်း (၁၈၀) ကျော် ထုတ်လုပ်လျက်ရှိသည်။










စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား BPI ထုတ်ဆေးဝါးအစစ်အမှန်များကို ဈေးနှုန်းချိုသာစွာဖြင့် လွတ်လွတ်လပ်လပ်လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ပြည်နယ်၊ တိုင်းဒေသကြီးများရှိ မြို့ကြီးများတွင် ဆေးဝါးအရောင်းဆိုင်များ ဖွင့်လှစ်ခဲ့ရာ စုစုပေါင်း (၂၈) ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ဖွင့်လှစ်ပြီး ဆေးဝါးအရောင်းဆိုင်များ စနစ်တကျရှိစေရန်အတွက် အရောင်းဆိုင် (၉) ဆိုင်အား မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကြီးကြပ်ကွပ်ကဲရန်နှင့်အရောင်းဆိုင် (၁၈) ဆိုင်အား စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှကြီးကြပ်ရန် တာဝန်ပေးအပ်ခဲ့သည်။

(၂၈. ၁၁. ၂၀၁၇) ရက်နေ့တွင် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကြီးကြပ်ကွပ်ကဲသည့်အရောင်းဆိုင် (၉) ဆိုင်အနက်မှ ရောင်းအားအကောင်းဆုံးဆိုင်များဖြစ်သည့် BPI ဆေးဝါးအရောင်းဆိုင်၊ ဗိုလ်ဆွန်ပက်လမ်းဆေးဝါးအရောင်းဆိုင်၊ စည်ပင်ရိပ်သာ-၂ (နေပြည်တော်) ဆေးဝါးအရောင်းဆိုင်တို့အား ပထမ၊ ဒုတိယ၊ တတိယဆုများကို တာဝန်ရှိသူများက ဆိုင်တာဝန်ခံများအား ဆုများချီးမြှင့်ခဲ့သည်။

အလားတူ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်ကွပ်ကဲသည့် အရောင်းဆိုင် (၁၈) ဆိုင်အနက်မှ ဘားအံဆေးဝါးအရောင်းဆိုင်၊ တောင်ကြီးဆေးဝါးအရောင်းဆိုင်နှင့် ပြည်ဆေးဝါးအရောင်းဆိုင်တို့အား ပထမ၊ ဒုတိယ၊ တတိယဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။







# My Tel က လာမည့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖုန်းဆင်းကတ်များ စတင်ဖြန့်ဝေမည်ဟုဆို

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အော်ပရေတာ My Tel က အသစ်ထပ်မံရင်းနှီးမြှုပ်နှံနေသည့် အော်ပရေတာကုမ္ပဏီတစ်ခုဖြစ်ပြီး လာမည့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် တယ်လီဖုန်းဆင်းကတ်များ စတင်ဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

စတုတ္ထမြောက်အော်ပရေတာဖြစ်သော My Tel က ဖုန်းဆင်းကတ် ၁၀ သန်းခန့်ကို ပထမအကြိမ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း My Tel ၏တရားဝင် facebook စာမျက်နှာတွင်ကြေညာထားကြောင်းသိရသည်။

အဆိုပါ My Tel ကုမ္ပဏီက ဗီယက်နမ်အခြေစိုက် Viettel ကုမ္ပဏီနှင့်ပြည်တွင်းကုမ္ပဏီများဖြင့် ဖွဲ့စည်းထားသည့် Myanmar National Holdings တို့ဖြင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၄၉ သန်းခန့်ဖြင့် ရင်းနှီးမြှုပ်နှံထားကြောင်း၊ ပြည်တွင်းဈေးကွက်သို့ စတင်ဖြန့်ဖြူးမည့် My Tel ဖုန်းနံပါတ် ၀၉၆. . . ဖြင့် စတင်ဖြစ်ကြောင်း၊ (2G, 3G, 4G) ဂဏန်း ၁၁ လုံးပါဝင် မည်ဖြစ်ကြောင်းသိရသည်။




My Tel ၏ဆက်သွယ်ရေးတာဝါတိုင်ကွန်ရက်များကို ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအော်ပရေတာယခင်က ၃ ခုဖြစ်သော MPT, Ooredoo နှင့် Telenor တို့တွင် အစိုးရ၏မြန်မာဆက်သွယ်ရေး MPT အော်ပရေတာသည် ဈေးကွက်ဝေစု အများဆုံးရရှိထားကြောင်းသိရသည်။

လက်ရှိဈေးကွက်ဝေစု MPT က ၄၄ ရာခိုင်နှုန်း၊ Ooredoo က ၁၉ ရာခိုင်နှုန်းနှင့် Telenor က ၃၇ ရာခိုင်နှုန်းအနေအထားဖြင့် ဈေးကွက်အတွင်း နေရာယူထားလျက်ရှိကြောင်း သိရသည်။

**မျိုးမောင်မောင်**

# 'စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း' အမှတ်စဉ် (၅၄) နှင့် အမှတ်စဉ် (၅၅) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် New Starlight Construction Co.,Ltd. & Mandalay Management Corporation တို့ ပူးပေါင်းဖွင့်လှစ်သော 'စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း' အမှတ်စဉ် (၅၄) သင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၂၄ ရက်နေ့၊ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မင်္ဂလာမန္တလေး အိမ်ရာရှိ သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးနှင့် New Starlight Construction Co.,Ltd. & Mandalay Management Corporation Deputy Managing Director ဦးတင်ငွေတို့က သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့ကြပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား Deputy Managing Director ဦးတင်ငွေက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများချီးမြှင့်ပေးအပ်၍ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ဦးခွန်ဆမ်က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ခဲ့သည်။




အခမ်းအနားသို့ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) မှ နည်းပြဆရာ/ဆရာမများ၊ New Starlight Construction Co.,Ltd & Mandalay Management Corporation မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး စုစုပေါင်းသင်တန်းသား ၆၀ ဦး သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် **အခြေခံလျှပ်စစ်ပညာဘာသာရပ်**ကို နိုဝင်ဘာလ ၆ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။

အလားတူ စက်မှုဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် 'စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း' အမှတ်စဉ် (၅၅) သင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၂၇ ရက်နေ့၊ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ တလုပ်ကျေးရွာ၊ တောင်ကျောင်း-ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) ကျောင်းအုပ်ကြီးနှင့်မြင်းခြံမြို့နယ် လျှပ်စစ်မန်နေဂျာတို့က သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့သည်။ ၎င်းနောက် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များအား သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ ခရိုင်လျှပ်စစ်ဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တလုပ်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးနှင့်သင်တန်းကျောင်းမှ နည်းပြဆရာ/ဆရာမများ၊ သင်တန်းဆင်း သင်တန်းသား ၆၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။



အဆိုပါသင်တန်းအား နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ **'အခြေခံလျှပ်စစ်သင်တန်း' နှင့် 'သံဂဟေဆက်သင်တန်း'** အား ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။

❑

# 'စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း' အမှတ်စဉ် (၅၆)၊ (၅၇) နှင့် (၅၈) သင်တန်းဖွင့်

စက်မှုဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်းစီစဉ်မှုဖြင့် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှတာဝန်ယူဖွင့်လှစ်သည့် 'စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း' အမှတ်စဉ် (၅၆) သင်တန်းဖွင့်ပွဲကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့၊ နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ ငဖဲမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးမြင့်နှင့် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှ ကျောင်းအုပ်ကြီး ဦးသန့်ဇင်တို့တက်ရောက် အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးဝဏ္ဏက သင်တန်းဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ငဖဲမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှနည်းပြဆရာ/ဆရာမများ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား ၃၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် **'အခြေခံသံဂဟေဆက်သင်တန်း'** အား ဒီဇင်ဘာလ ၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချခဲ့သည်။



အလားတူ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် 'စက်မှုနှင့်သက်

**စာမျက်နှာ ၈ သို့-**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# မြင်းခြံအကျဉ်းထောင်မှ လွတ်ရက်နီးသည့်အကျဉ်းသားများအတွက် 'စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း' အမှတ်စဉ် (၅၉) ဖွင့်လှစ်သင်ကြားပေး

မြင်းခြံခရိုင် အကျဉ်းဦးစီးဌာနနှင့် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) တို့ပူးပေါင်းဖွင့်လှစ်သည့် 'စက်မှုနှင့်သက်မွေးပညာရွှေ့လျား သင်တန်း' အမှတ်စဉ် (၅၉) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၂၉ ရက်နေ့၊ နံနက် ၉ နာရီတွင် မြင်းခြံခရိုင်၊ အကျဉ်းဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) ကျောင်းအုပ်ကြီးနှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က သင်တန်းဖွင့်အမှာစကားများပြောကြားခဲ့ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြင်းခြံထောင်ရှိ တာဝန်ရှိသူများ၊ မြို့နယ်ရဲမှူးနှင့်နယ်မြေတာဝန်ခံများ၊ ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြင်းခြံခရိုင်အတွင်းရှိ စက်ရုံမှူးများ၊ ခရိုင်/မြို့နယ် အတွင်းရှိ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့်ဆရာ/ဆရာမများ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား ၆၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ အကျဉ်းဦးစီးဌာနသည် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိပြီး လွတ်ရက်နီးသည့် အကျဉ်းကျခံနေသူများအား ပြင်ပသို့ပြန်လည်ရောက်ရှိသည့်အခါတွင် ကောင်းမွန်စွာနေထိုင်ပြီး ရရှိခဲ့သောအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် လုပ်ကိုင်စားသောက်နေထိုင်သွားနိုင်ရန်ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး၊ **'အခြေခံလျှပ်စစ်ပညာသင်တန်းနှင့် အခြေခံစက်ပြင်အင်ဂျင်သင်တန်း'** ကို နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁၃ ရက် နေ့အထိ ရက်သတ္တနှစ်ပတ်ကြာသင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

## ငါးလုပ်ငန်းတက္ကသိုလ် တည်ထောင်မည်

ပြည်တွင်းမွေးမြူရေးနှင့်ရေလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၁၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ငါးလုပ်ငန်းတက္ကသိုလ်တည်ထောင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယင်းသို့ ငါးလုပ်ငန်းတက္ကသိုလ် မတည်ထောင်မီ ရန်ကုန်တက္ကသိုလ်၌ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို အထူးပြုဘာသာရပ်အဖြစ် ကနဦးသင်ကြားပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး၌ နေရာတစ်ခုသတ်မှတ်ပြီး ငါးလုပ်ငန်းတက္ကသိုလ်တစ်ခု တည်ထောင်မည်ဖြစ်ကြောင်းကို ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောသည်။

ငါးလုပ်ငန်းတက္ကသိုလ်တည်ဆောက်ပြီးနောက် သင်ကြားပေးမည့် သင်ရိုးညွှန်းတမ်းများကို ဆက်လက်ဆွေးနွေးဆဲဖြစ်ပြီး ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို လေးနှစ်သင်ကြားရန်စီစဉ်ထားကြောင်း ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ်တို့တွင် စာတွေ့သင်ကြား၍ နောက်ဆုံးနှစ်တွင် လက်တွေ့ကွင်းဆင်းသင်ကြားပေးရန် စီစဉ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယင်းတက္ကသိုလ် တည်ထောင်နိုင်ရန်အတွက် နိုဝင်ဘာလ ၁၄ ရက်နေ့က ရန်ကုန်တက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တက္ကသိုလ်မှ ဆရာ/ဆရာမများ ဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။

**ရန်ဖြိုးသိမ်း**

**စာမျက်နှာ ၇ မှ-**

မွေးပညာရွှေ့လျားသင်တန်း' အမှတ်စဉ် (၅၇) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၄ ရက်နေ့၊ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၆) ထပ်ဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်တာဝန်ရှိသူများ၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး နှင့် နည်းပြဆရာ/ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းတက်ရောက်ကြမည့် မန္တလေးမြို့တော်စည်ပင်မှ ဝန်ထမ်းသင်တန်းသားများနှင့် ပြင်ပသင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ **'အခြေခံအိမ်သုံးလျှပ်စစ်သွယ်တန်းခြင်းဘာသာရပ်'** ကို သင်တန်းသား ၆၀ ဦးဖြင့် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ လေ့ကျင့်သင်ကြားပေးခဲ့သည်။

ထို့အတူ 'စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း' အမှတ်စဉ် (၅၈) သင်တန်းကို ဒီဇင်ဘာလ ၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့၌ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၂၅ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းတွင် **'စိုက်ပျိုးရေးသုံးအင်ဂျင်နှင့်မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်'** ကို ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာနိုင်ငံ၏ပထမဆုံး မိုးလုံလေလုံဈေးတန်း Urban 86 ဖွင့်လှစ်မည်

မြန်မာ၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ထိုင်းအစရှိသည့် အာရှစားသောက်ဆိုင်များ၊ ဥရောပစားသောက်ဆိုင်များ၊ အချိုပွဲဆိုင်များ၊ မြန်မာ့ရိုးရာစားသောက်ဆိုင်များ စသည့်စားသောက်ဆိုင် ၅၀ ကျော်၊ မျက်မှန်ဆိုင်၊ အရုပ်ဆိုင်၊ မျက်လှည့်ပစ္စည်းဆိုင်၊ အမျိုးသား၊ အမျိုးသမီးဝတ် ဖက်ရှင်အမျိုးမျိုး၊ အိတ်ဆိုင်များ၊ ရေမွှေးဆိုင်များ၊ ဆေးဆိုင်များ၊ ဖန်စီပစ္စည်းဆိုင်၊ ကလေးကစားကွင်း စသည့် လူသုံးကုန်ပစ္စည်းဆိုင်ပေါင်း ၁၀၀ ကျော်နှင့် စုစုပေါင်းဆိုင်ခန်းပေါင်း ၁၅၀ ကျော်ပါဝင်လျက် (၄၈) လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်တွင် တည်ရှိသည့် မြန်မာနိုင်ငံ၏ပထမဆုံးမိုးလုံလေလုံဈေးတန်းဖြစ်သော Urban 86 Yangon 1st Indoor Bazaar ကို ဒီဇင်ဘာလအတွင်း၌ ဖွင့်လှစ်တော့မည်ဟု သိရှိရသည်။

ထို Urban 86 Yangon 1st Indoor Bazaar ကို တနင်္လာတစ်ရက်ပိတ်၍ ကျန်ရှိသောရက်များတွင် နေ့စဉ်နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အပတ်စဉ်သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း ဖျော်ဖြေရေးအစီအစဉ်များနှင့် တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**လွင်ဟိန်းထက်**

# အရက်ဆီမှ အယ်လ်ကိုဟောအဆင့်မြင့်ထုတ်လုပ်ရေး

ယခုအချိန်အခါမှာဆိုရင် ပြည်တွင်းအရက်ဆီချက်စက်ရုံများဟာ Waste Water Treatment System စွန့်ပစ်ရေများ သန့်စင်ရေးစနစ်တပ်ဆင်ပြီးမှ ထုတ်လုပ်မှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ကြရမည်ဆိုတဲ့အမိန့်နဲ့အညီ လုပ်ငန်းများရပ်ထားရတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်အခါမျိုးမှာ ဒီကိစ္စအတွက် သက်ဆိုင်သူကာယကံရှင်များ စဉ်းစားတွေးတောကြံဆောင်နေကြမှာလည်းဖြစ်ပါတယ်။ ဒါနဲ့ပဲ ဒီကိစ္စ Waste Water Treatment System နဲ့ပတ်သက်လို့ ဆွေးနွေးပြောကြားလိုတဲ့အကြောင်းအရာလေးတွေကလည်း ပေါ်ပေါက်လာရပါတော့တယ်။

စွန့်ပစ်ပစ္စည်းများ ရှင်းလင်းဖယ်ရှားရေးပြဿနာ Waste Disposal Problem ဆိုတာက လုပ်ငန်းတိုင်းရင်ဆိုင်ဖြေရှင်းရမယ့် ပြဿနာပါ။ ရှောင်လွှဲလို့လည်း မရနိုင်ပါဘူး။ လုပ်ငန်းတိုင်းဆိုတဲ့နေရာမှာ လုပ်ငန်းတွေဟာ သဘောသဘာဝချင်း အမျိုးမျိုးကွဲပြားနိုင်သလို Waste စွန့်ပစ်ပစ္စည်းတွေဟာလည်း အမျိုးမျိုးကွဲပြားမှာဖြစ်ပါတယ်။ ထို့အတူ ဘယ်ပုံဘယ်နည်းစွန့်ပစ်ရမလဲဆိုတဲ့နည်းစနစ် Systems တွေကလည်း အမျိုးမျိုးကွဲပြားနိုင်တယ်ဆိုတာကိုလည်း ဦးစွာပထမဆင်ခြင်စဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥပမာဆိုရရင် အက်စစ်ထုတ်လုပ်တဲ့စက်ရုံကထွက်တဲ့ Waste Water တွေဟာ အက်စစ်ဓာတ်တွေနဲ့ညစ်ညမ်းနေမှာဖြစ်သလို ကော့စတစ်ထုတ်လုပ်တဲ့စက်ရုံကထွက်တဲ့ ရေဆိုးတွေဟာဆိုရင်လည်း ကော့စတစ်တွေနဲ့ညစ်ညမ်းနေမှာဖြစ်ပါတယ်။

များများမလိုဘူးလို့ ပြောနိုင်ပါတယ်။ အကောင်းဆုံးကတော့ ဆွေးနွေးတိုင်ပင်လို့ရတဲ့ အင်ဂျင်နီယာ Professional အတိုင်ပင်ခံပုဂ္ဂိုလ်တွေရှိပါတယ်။ သူတို့နဲ့တိုင်ပင်ဆွေးနွေးပြီး အရက်အဆီချက်လုပ်ငန်းနဲ့သင့်လျော်မယ့်စနစ်ကို ရွေးချယ်တပ်ဆင်တာ အကောင်းဆုံးဖြစ်မယ်လို့ထင်ပါတယ်။

ဒီနေရာမှာ အရက်ဆီချက်စက်ရုံက ဘယ်လိုရေဆိုးတွေထွက်မလဲ၊ ဘယ်လောက်ဒုက္ခပေးမလဲဆိုတာ ရှုမြင်သုံးသပ်ဖို့လိုလာပြီပေါ့နော်။

ပထမဦးစွာ အရက်ချက်လုပ်ငန်းတစ်ခုကို အကြမ်းဖျင်းကြည့်ရအောင်ပါ။ အရက်ချက်တယ်ဆိုတာ ထန်းလျက်၊ တင်လဲ၊ ဆန်၊ ပြောင်းအစရှိတဲ့ ကာဗွန်ဟိုက်ဒရိတ်ပါတဲ့ပစ္စည်းတွေ၊ နောက်ပြီးတော့ အချိုဓာတ်ပါဝင်တဲ့သစ်သီးဝလံစတာတွေကို တဆေးနဲ့ဖောက် Fermentation စိမ်ရေဖြစ်အောင်လုပ်၊ ပြီးတော့မှ အဲဒီစိမ်ရေကိုပေါင်းခံ၊ ထွက်လာတဲ့ပေါင်းချွေးဟာ အရက် (Alcohol) ပါပဲ။ ရိုးရိုးရှင်းရှင်းလေးပါ။

ဒီကနေပြီး ဘယ်လိုရေဆိုးတွေထွက်လာမလဲဆိုတော့ စိမ်ရေကထွက်ရှိတဲ့ အနယ်အဖတ်တွေနဲ့ ပေါင်းခံပြီးကျန်ရှိတဲ့ လက်ကျန်အရည်တွေပါပဲ။ အဲဒီဘေးထွက်ပစ္စည်းတွေဟာ သွန်ချင်သလိုသွန်ပြီး ပစ်ထားလိုက်မယ်ဆိုရင်တော့ အဲဒီဟာတွေထဲကို ဘက်တီးရီးယားပိုးတွေဝင်လာပြီး ပုပ်တဲ့အဆင့်ထိရောက်ပါတော့တယ်။ အဲဒီအပုပ်နံ့ထဲမှာ ချဉ်စုတ်စုတ်အနံ့ကလည်း ပါလိုက်ပါသေးတယ်။ တော်တော်အနံ့ဆိုးပါတယ်။

ဒီနေရာမှာ သတိထားဆင်ခြင်သုံးသပ်ကြည့်ရအောင်ပါ။







တွေ့ဖူးကြုံဖူးတဲ့ စက်ရုံလုပ်ငန်းတစ်ခုမှာဆိုရင် စွန့်ပစ်ရေတွေဟာ အက်စစ်ဓာတ်တော်တော်များပါတယ်။ အဲဒီတော့ စွန့်ပစ်ရေတွေကို ပထမဦးစွာ Neutralization အလုပ်ရုံကိုပို့ပြီး ထုံး Lime နဲ့ Treatment ဓာတ်ပြုပေးရပါတယ်။ နမူနာတစ်ခုတင်ပြတာပါ။ အလားတူစွာပဲ အရက်ဆီချက်တဲ့စက်ရုံတွေကထွက်တဲ့ ရေဆိုးတွေကိုလည်း သန့်စင်ဖို့သင့်လျော်တဲ့ Treatment System ကိုရှာဖွေကြည့်ရှုဖို့ လိုအပ်လာပြီမဟုတ်ပါလား။

ကဲ ကြည့်ကြရအောင်ပါ။ Waste Water Treatment System တစ်ခုလုံးမှာလိုတဲ့ ပစ္စည်းကိရိယာတွေ တင်သွင်းရောင်းချတဲ့ကုမ္ပဏီတွေ ပြည်တွင်းမှာရှိပါတယ်။ အိမ်သုံး၊ ဟိုတယ်သုံး၊ စက်ရုံသုံးစသဖြင့် တော်တော်စုံစုံလင်လင်တွေ့နိုင်ပါတယ်။ တော်တော်လေးလည်း အဆင့်မြင့်တာတွေတွေ့ပါတယ်။ အဆင့်မြင့်သလို ဈေးနှုန်းကလည်းမြင့်မှာပါပဲ။

အဆင့်မြင့်တယ်ဆိုတာက System တစ်ခုတည်းမှာ လုပ်ဆောင်ပေးတဲ့ လုပ်ဆောင်ချက်တွေ Applications ဟာ လိုတာတွေရော၊ မလိုတာတွေရော အဆင့်တွေများနေတာကိုဆိုလိုပါတယ်။ ဥပမာအနေနဲ့ပြောရရင် Ozonizer အိုဇုန်းဓာတ်ငွေ့ထိတွေ့ခြင်း၊ UV Sterilization အနီအောက်ရောင်ခြည်ဖြင့် ပိုးသတ်ခြင်းစသဖြင့် Treatment တွေဟာ အမျိုးပေါင်းမြောက်မြားစွာရှိပါတယ်။ ယခုဆွေးနွေးနေတဲ့ကိစ္စကတော့ အဆင့်တွေသိပ်

စိမ်ရေလက်ကျန်တွေ၊ ပေါင်းခံရည်လက်ကျန်တွေကို ပုပ်တဲ့အဆင့်ထိမရောက်အောင် ဘာနဲ့ထိတွေ့ဓာတ်ပြုပြီး ဖျက်ဆီးရမလဲ။ ပြီးရင် ဘယ်မှာစွန့်ပစ်ရမလဲ။ ပြဿနာက ဒါလေးပဲလို့သုံးသပ်မိပါတယ်။

ကဲ ဒီလိုဆိုရင် အဲဒီပြဿနာလေးပဲဆိုတာကို ဘယ်လိုဖြေရှင်းမလဲလို့မေးလာရင်တော့ သက်ဆိုင်ရာပညာရှင်များနဲ့တိုင်ပင်ဆွေးနွေးပါလို့ပဲ ပြောရပါလိမ့်မယ်။ အရက်ဆီထုတ်လုပ်တာကို စဉ်းစားနေကြတာဖြစ်လို့ ဒီလုပ်ငန်းအတွက် လိုအပ်တာတွေကိုပဲ တပ်ဆင်အသုံးပြုပြီး စီစဉ်ဆောင်ရွက်ဖို့အကြံပြုတာပါ။ အဲဒီလိုဆွေးနွေးပြီးတော့ မိမိစက်ရုံနဲ့သင့်တော်မယ့် အကြံဉာဏ်သစ်တွေပေါ်လာပါလိမ့်မယ်။ ပစ္စည်းကိရိယာအသစ်တွေ ဖြည့်စွက်တပ်ဆင်လာပါလိမ့်မယ်။ ဒါဆိုရင် ပြီးပြီပေါ့။ ယခင်ကထက် ပိုမိုတိုးတက်ကောင်းမွန်အောင် Innovation လုပ်နိုင်ပြီပေါ့။

စာရှုသူများခင်ဗျား၊ အီသနော (အယ်လ်ကိုဟော) ထုတ်လုပ်ရေးကို အမြင့်မားဆုံးရည်ရွယ်မျှော်မှန်းချက်နဲ့ချီလာခဲ့တာ ယခုနောက်ဆုံးပြောလိုတဲ့အဆင့်ကိုရောက်ပါပြီ။ ဘာပြောချင်သေးသလဲဆိုတော့ ယခုပြည်တွင်းအရက်ဆီချက်လုပ်ငန်းဆိုပြီး လုပ်ကိုင်နေကြတာဟာ ယမကာအတွက်ပဲ ဦးတည်ရည်မှန်းပြီး လုပ်ကိုင်နေကြတာပါ။ ပြောချင်တာကတော့ ဒီကနေတစ်ဆင့်တက်ပြီး အဆင့်မြင့်အီသနော (အီသိုင်းအယ်လ်ကိုဟော) ထုတ်လုပ်နိုင်တဲ့အဆင့်ထိရောက်အောင် တွေးဆကြံစည်ကြဖို့ပဲဖြစ်ပါတယ်။ အီသနောကိုတန်ဖိုးထားပြီး စဉ်းစားသုံးသပ်ကြည့်ရင် သူ့တန်ဖိုးဟာ အဆင့်ဆင့်သတ်မှတ်လို့ရတာကို တွေ့ရှိရပါတယ်။

**အီသိုင်းအယ်လ်ကိုဟောကို တန်ဖိုးထားအဆင့် သတ်မှတ်နိုင်မှု**

၁။ Liquor (ယမကာ)၊ (ပထမအဆင့်)။

၂။ Pesticide (ပိုးသတ်)၊ (ဒုတိယအဆင့်)။

၃။ Solvent (အဖျော်ဆီ)၊ (တတိယအဆင့်)။

၄။ Fuel (လောင်စာဆီ)၊ (စတုတ္ထအဆင့်)။

အီသိုင်းအယ်လ်ကိုဟောကိုသုံးစွဲနေကြရာမှာ ယမကာအဆင့်က အနိမ့်ဆုံးဖြစ်ပြီး လောင်စာအဆင့်ကတော့ အမြင့်ဆုံးဖြစ်ပါတယ်။ အဆင့် (၃) နဲ့ (၄) တို့ဟာ စက်မှုလုပ်ငန်းသုံးများဖြစ်ကြပါတယ်။ အဆင့် (၃) ဖြစ်တဲ့ အဖျော်ဆီကတော့ အရောင်တင်ဆီများဖျော်စပ်ရာမှာအသုံးဝင်ပြီး အဆင့် (၄) ကတော့ လောင်စာဆီအနေနဲ့ မော်တော်ယာဉ်လောင်စာများမှာ ထည့်သွင်းရောစပ်ပြီး သုံးစွဲတာဖြစ်ပါတယ်။

အီသိုင်းအယ်လ်ကိုဟောကို လောင်စာအဆင့်ထိရောက်အောင်ထုတ်လုပ်မယ်ဆိုရင် စံချိန်မီအရည်အသွေးရှိအောင် ဘယ်လိုများလုပ်ကိုင်ဆောင်ရွက်ဖို့ လိုပါသေးသလဲ။ လိုအပ်တာကတော့ သန့်စင်မှုအဆင့်အတန်းမြင့်ဖို့ High Purity ဖြစ်ဖို့ပါပဲ။ ဒါဟာလည်း အရက်ချက်ရာမှာ နည်းစနစ်ကောင်းဖို့လိုပါလိမ့်မယ်။ အရက်ချက်ရာမှာ ပေါင်းတိုက်ခြင်း၊ ပေါင်းခံခြင်း (Distillation) ဆိုတဲ့လုပ်ငန်းပိုင်းလေးဟာ အလွန်အရေးကြီးပါတယ်။ ပေါင်းခံရာကထွက်လာတဲ့အဆီမှာ အယ်လ်ကိုဟောပါဝင်ကိန်းအမြင့်ဆုံးဖြစ်ဖို့လိုပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းကတော့ ၉၅.၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဲဒီစံချိန်စံညွှန်းကိုက်ဖို့ဆိုတာ Distillation လုပ်ရာမှာ လုပ်ကိုင်ဆောင်ရွက်ပုံနည်းစနစ် Operations Manual မှန်ကန်တိကျဖို့လိုပါတယ်။

နောက်ထပ်ဘာတွေလိုသေးသလဲဆိုတော့ ထွက်ရှိလာတဲ့ အယ်လ်ကိုဟောမှာ Impurity မသန့်တဲ့ပစ္စည်းများဖြစ်ကြတဲ့ Methyl Alcohol နဲ့ Fusel Oil တို့မပါအောင် ပါရင်လည်းကန့်သတ်နှုန်းထက် မကျော်လွန်အောင်ထိန်းသိမ်းနိုင်ဖို့ပဲလိုပါတယ်။

နောက်ပြီးဘာလိုသေးသလဲဆိုတော့ အရည်အသွေးစစ်ဆေးထိန်းသိမ်းပေးဖို့ ဓာတ်ခွဲခန်းကလေး Quality Control Lab တစ်ခုလိုပါသေးတယ်။ သူက ဘာတွေစမ်းသပ်စစ်ဆေးပေးမလဲဆိုတာလဲ ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| Methanol Test | (မီသနောပါဝင်မှု) |
| Fusel Oil Test | (ဖျူဆယ်အဆီဓာတ်ပါဝင်မှု) |
| Boiling Point Test | (အရည်ဆူမှတ်) |
| Density Test | (သိပ်သည်းဆ) |

အရက်ဆီနဲ့အီသိုင်းအယ်လ်ကိုဟော ဘာကွာသလဲမေးရင် ဘာမှမကွာပါဘူး။ အရက်ဆီဆိုတာက ယမကာအဖြစ်သောက်သုံးဖို့ကိုရည်ရွယ်ပြီး အများနားလည်လွယ်အောင် ပြောဆိုသုံးနှုန်းကြတာပါ။ နိုင်ငံတကာသုံးတဲ့အမည်နာမကတော့ Ethyl Alcohol ပါပဲ။ တစ်ခုရှိတာကတော့ အယ်လ်ကိုဟောဟာ စက်မှုလုပ်ငန်းသုံးဖြစ်လေတော့ နိုင်ငံတကာဈေးကွက်မှာ ဝင်ဆန့်နိုင်ဖို့အတွက် စံချိန်စံညွှန်းတွေနဲ့ကိုက်ညီအောင် ထုတ်လုပ်ရပါတယ်။ ဒီကိစ္စကြောင့်လည်း ဓာတ်ခွဲစမ်းသပ်မှုတွေလုပ်ရခြင်းဖြစ်ပါတယ်။

နောက်ထပ်ပြောချင်တာကတော့ အရက်ဆီချက်တဲ့ SME များအတွက် အားဆေးလို့ပြောရင်လည်းရပါတယ်။ ကုန်ထုတ်လုပ်ငန်းလုပ်ပြီဆိုရင် အခြေခံလိုအပ်ချက်တွေရှိပါတယ်။ အလုပ်လုပ်သူတိုင်း သိပြီးသားပါ။ အဲဒါတွေကတော့ အရင်းအနှီး (ငွေ

စာမျက်နှာ ၁၀ သို့-

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## ချိန်ခါမဟုတ် မိုးများရွာသွန်းမှုကြောင့် ကြံခုတ်ချိန်နောက်ကျမည်



အောက်တိုဘာ-နိုဝင်ဘာလများတွင် ချိန်ခါမဟုတ်မိုးများရွာသွန်းခဲ့မှုကြောင့် ယခုနှစ်ကြံခုတ်ချိန်နောက်ကျပြီး လာမည့် ၂၀၁၈ ခုနှစ်တွင် ကြံစိုက်ပျိုးချိန်နောက်ကျမည်ဟု ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များထံမှ သိရသည်။

အဆိုပါ မိုးများရွာသွန်းခဲ့မှုကြောင့် ကြံပင်များအချိုးဓာတ်လျော့ပါးသွားခဲ့သည့်အတွက် ကြံပင်များခြောက်သွားသည်အထိ စောင့်ရသဖြင့် ကြံခုတ်နောက်ကျပြီး ကြံပေါ်ချိန်ကလည်း ၁၅ ရက်လောက် နောက်ကျသွားနိုင်သည်။

ယခုကြံပင်များအတွက် တောင်သူများနှင့်စက်ရုံများ ဈေးသတ်မှတ်ရသေးခြင်းမရှိဘဲ စက်ရုံအများစုကတစ်တန်လျှင် ၄၅,၀၀၀ ကျပ် ပေးရန်ရှိထားပြီး အချို့စက်ရုံများက ၄၃,၀၀၀ ကျပ်သာပေးရန် သတ်မှတ်ထားကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်က ကြံတစ်တန်လျှင် ကျပ် ၅၃,၀၀၀ ရှိခဲ့ရာ ယခုနှစ်တွင် နိုင်ငံခြားမှတင်သွင်းလာသော Re Export သကြားများ ပြည်တွင်း၌ရောင်းချနေခြင်းကြောင့် သကြားဈေးကျပြီး ကြံဈေးနှုန်းမှာလည်း ကျဆင်းသွားရခြင်းဖြစ်သည်။

ကြံကို နိုဝင်ဘာလဆန်းမှဇန်နဝါရီလဆန်းအထိ စိုက်ပျိုးလေ့ရှိပြီး ယခုနှစ်မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိစိုက်ပျိုးရမည်ဖြစ်သည်။ စိုက်ပျိုးချိန်ရာသီဥတုပူပြင်းပါက စိုက်ပျိုးရန် အဆင်မပြေတော့ဘဲ စိုက်ဧကများလျော့ကျလာနိုင်ကြောင်း ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ကြံဧကငါးသိန်းဝန်းကျင် စိုက်ပျိုးထားကြောင်းသိရသည်။

**သပြေခင်သိန်းဟန်**

## ၂၀၁၈ ခုနှစ်တွင် သန်လျင်တံတားအမှတ် (၃) ကို စတင်တည်ဆောက်မည်

၂၀၁၈ ခုနှစ်၊ နှစ်ဆန်းတွင် ဂျပန်နိုင်ငံအစိုးရချေးငွေဖြင့် ရန်ကုန်နှင့်သံလျင်ဆက်သွယ်မည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှသိရသည်။

ယင်း သန်လျင်တံတားအမှတ် (၃) ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနက ဂျပန်နိုင်ငံအစိုးရချေးငွေ ယန်း ၃၁,၀၅၁ သန်း အသုံးပြု၍ သန်လျင်တံတားအမှတ် (၁) အနီး ပဲခူးမြစ်အောက်ဘက် ၁၂၅ မီတာခန့်အကွာတွင် တည်ဆောက်မည်ဖြစ်ပြီး တံတားအစိတ်အပိုင်းအားလုံး၏ စုစုပေါင်းအရှည်မှာ ၂,၀၃၁ မီတာ ရှည်လျားပြီး အကျယ် ၂၄ မီတာ (ပေ ၈၀) ရှိမည်ဖြစ်ကာ လေးလမ်းသွားတံတားအမျိုးအစားဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှပင်သိရသည်။

သန်လျင်-ရန်ကုန်ဆက်သွယ်ပြီးတံတားနှစ်စင်းရှိရာ တံတားအမှတ် (၁) မှာ ၃၆ တန်အောက်ယာဉ်များဖြတ်သန်းခွင့်ပြုထားပြီး တံတားအမှတ် (၂) ဒဂုံတံတား (ကုလားဝဲတံတား) မှာ ကွန်တိန်နာယာဉ်များဖြတ်သန်းခွင့်ပြုထားသည်။

ယခု ၂၀၁၈ ခုနှစ်တည်ဆောက်မည့်တံတားအမှတ် (၃) သည် ကုန်တင်ယာဉ်ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး ကုန်တင်ယာဉ်များနှင့် နောက်တွဲယာဉ်များကဲ့သို့ လေးလံသောယာဉ်များကို အန္တရာယ်ကင်းစွာ သွားလာခွင့်ပေးမည်ဟု သိရသည်။ **သန်းဝင်းအောင်**

**စာမျက်နှာ ၉ မှ-**

ကြေး) ရယ်၊ နည်းပညာရယ်၊ နောက်ပြီးတော့ ဈေးကွက်တို့ဖြစ်ကြပါတယ်။ အဲဒီလိုအပ်ချက်တွေအတွက် အထောက်အပံ့တွေရယူဖို့ရာ နိုင်ငံတော်က တံခါးတွေဖွင့်ပေးထားတာ၊ လမ်းကြောင်းတွေခင်းပေးထားတာကိုရှုမြင်ပြီး ခင်းပေးထားတဲ့လမ်းကြောင်း အတိုင်းသာလျှောက်၊ လိုရာပန်းတိုင်ရောက်မှာ မလွဲလို့ နောက်ကနေတွန်းပေးချင်ပါတယ်။

နိုင်ငံတော် SME များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ချေးငွေတွေထုတ်ချေးပေးနေပါတယ်။ နည်းပညာတွေပေးဖို့လည်း အသင့်ရှိနေတယ်ဆိုတာ ပြောကြားထားပြီးသားပါ။

နိုင်ငံတကာကလည်း SME တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပြီး ချေးငွေတွေထုတ်ပေးထားပါတယ်။ ကမ္ဘာ့ဘဏ်က ဒေါ်လာသန်း ၁၀၀၊ JICA (ဂျပန်) က ကျပ်ငွေ ၁၅၀ ဘီလီယံ။ ယခုနောက်ဆုံးကြားသိရတဲ့သတင်းအရ အိန္ဒိယကနေပြီး SME များကိုထုတ်ချေးဖို့ ချေးငွေတွေလည်း ကမ်းလှမ်းထားပါပြီ။ SME တစ်ဦးချင်းကို ကျပ်ငွေသန်းနဲ့ချီပြီး ချေးမယ်လို့လည်းဆိုပါတယ်။ အတိုးက ၁.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ JICA ကဆိုရင် နည်းပညာလည်းပေးဦးမယ်တဲ့။

စာရှုသူများခင်ဗျား၊ SME များရဲ့ငွေကြေးအပူ၊ နည်းပညာအပူတို့အတွက် ဒါတွေဟာ အပူငြိမ်းအားဆေးတွေမဟုတ်ပါလား။ နောက်ဆုံးတစ်ခုကျန်ပါသေးတယ်။ ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းအတွက် ဈေးကွက်ကကော၊ ဒါလဲမပူပါနဲ့။ မိတ်ဆွေအိမ်နီချင်းတရုတ်နိုင်ငံကြီးဟာ လာမယ့် ၂၀၂၀ ခုနှစ်ကျရင် မော်တော်ကားလောင်စာဆီတွေထဲမှာ အီသိုင်းအယ်လ်ကိုဟော (အီသနော) တွေရောထည့်ပြီး သုံးတော့မှာတဲ့။ အဲဒီအတွက် အီသနောလိုအပ်ချက်ဟာ တစ်နှစ်မှာတန်ချိန် ၁၅ သန်းတဲ့။ ဒါဟာလဲ ဈေးကွက်အတွက် စိတ်အေးစေနိုင်တဲ့အပူငြိမ်းအားတိုးဆေးတစ်ခုပဲမဟုတ်ပါလား။

**စိန်ထွန်း (ကမြိုင်)**

## 'ရန်ကုန်မြို့အတွင်းရှိ မြို့နယ် (၁၁) မြို့နယ်တွင် စက်မှုဇုန်များ အကောင်အထည်ဖော် တည်ဆောက်မည်'

**မြင့်မြတ်အောင်မြင့်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၁) မြို့နယ်တွင် စက်မှုဇုန်များ အကောင်အထည်ဖော်တည်ဆောက်ဖို့စီစဉ်နေကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီဇင်ဘာလ ၄ ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစည်ပြောကြားလိုက်သည်။

မြို့နေလူတန်းစားနှင့် တောနေလူတန်းစားမျှတမှုရှိအောင်ဆိုသော ရည်ရွယ်ချက်နှင့် စက်မှုဇုန်များအကောင်အထည်ဖော် တည်ဆောက်သွားဖို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တွေ့ဆုံပွဲတွင် ပါဝင်ခဲ့သော သုံးခွမြို့နယ်တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက ပြောသည်။

၎င်းကပင် 'တောမှာရှိတဲ့ လူတန်းစားနဲ့ မြို့မှာရှိတဲ့လူတန်းစား ညီမျှဖို့က စက်မှုဇုန်တွေ ဖော်ရမယ်ဆိုတဲ့ရည်ရွယ်ချက်ပေါ့လေ။ စက်မှုဇုန်က ရိုးရိုးသာမန်စက်မှုဇုန်မဟုတ်ဘူး။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေဖိတ်ခေါ်ရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် အခွန်အခလည်း တို့ကရမယ်။ လူတွေကလည်း ရန်ကုန်မြို့ကိုသွားပြီး အလုပ်လုပ်စရာမလိုတော့ဘူး။ တို့မြို့နယ်မှာတင် အလုပ်လုပ်လို့ရပြီ။ အဲလိုမလိုတော့ဘူးဆိုရင် ရန်ကုန်မြို့ကြီးရဲ့ပျက်စီးမှု၊ သိပ်သည်းမှုကိုလည်း လျှော့ချလို့ရပြီ။ အင်မတန်ကောင်းတဲ့ အလုပ်ပဲ။ အဲဒါကြောင့် စက်မှုဇုန်တွေကို ဝန်ကြီးချုပ်က ဖော်ဆောင်မယ်' ဟုပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြို့နယ် (၁၁) မြို့နယ်၏ မြေဧကတစ်ထောင်စီတွင် စက်မှုဇုန်များ တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအစီအစဉ်ကို တိုင်းလွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများကို တိုင်းအစိုးရအဖွဲ့ရုံးတွင် ခေါ်ယူတွေ့ဆုံစည်ပြောကြားခဲ့ခြင်းဖြစ်ပြီး ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ သန်လျင်၊ ကျောက်တန်း၊ တိုက်ကြီး၊ မှော်ဘီ၊ ထန်းတပင်နှင့် လှည်းကူးစသည့်မြို့နယ် (၁၁) မြို့နယ်တွင် စက်မှုဇုန်များ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်မှုဇုန်များကနေ ရရှိလာမည့် အခွန်အခများကို သက်ဆိုင်ရာမြို့နယ်၏ လိုအပ်သောနေရာများတွင် ပြန်လည်အသုံးပြုမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းစက်မှုဇုန်များအတွက် စိုက်ပျိုးရေးဖြစ်ထွန်းမှုနည်းပါးသောနေရာ၊ ရေနှင့်လျှပ်စစ်မီးရရှိပြီး ဆက်သွယ်ရေးကောင်းမည့်နေရာ စသည့်အချက်များနှင့်ကိုက်ညီသော မြေဧကတစ်ထောင်စီကို မြို့နယ်တိုင်းကရှာဖွေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်တင်ပြပေးရမည်ဖြစ်ပြီး အချက်များနှင့်ကိုက်ညီသောနေရာတွင် မြေပိုင်ရှင်ရှိနေလျှင် မြေဧကအလိုက် အစိုးရကသတ်မှတ်ထားသော တန်ကြေးပေးမည်ဖြစ်ကြောင်း သုံးခွမြို့နယ်တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက ပြောကြားခဲ့သည်။

# စွန့်ပစ်ပလတ်စတစ်မှ လောင်စာဆီထုတ်လုပ်မှု ဒီဇင်ဘာ စမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့၊ မြဝတီရပ်ကွက်တွင် စွန့်ပစ်ပလတ်စတစ်များမှ လောင်စာဆီထုတ်လုပ်မှုကို ဒီဇင်ဘာလလယ်တွင် စတင်မည်ဖြစ်ကြောင်း ထုတ်လုပ်မည့် ဓာတုအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက ပြောသည်။

ယင်းစွန့်ပစ်ပလတ်စတစ်မှ လောင်စာဆီထုတ်နိုင်မည့် စက်ကို အပြီးသတ် ပြင်ဆင်လုပ်ကိုင်နေရာ ဒီဇင်ဘာလလယ်တွင် စမ်းသပ်လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသောလောင်စာဆီများဖြစ်သည့် ဒီဇယ်၊ ဓာတ်ဆီများကို ပြင်ပဈေးထက်သက်သာစွာ ရောင်းချသွားမည်ဟုလည်းရှင်းပြသည်။

ပြင်ပဒီဇယ်ဈေးနှုန်းထက် ၂၅ ရာခိုင်နှုန်းသက်သာပြီး တစ်ပီပါလျှင် ကျပ်တစ်သိန်းကျော်သာ ကျသင့်ပြီး ယင်းသို့လောင်စာဆီထုတ်ရန် ကြိုးပမ်းနေသည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၈၇ ခုနှစ်တွင် ဓာတုအင်ဂျင်နီယာဘွဲ့ယူခဲ့ပြီးနောက် သုတေသနလုပ်ခြင်းကိုဝါသနာပါပြီး နေ့စဉ်နှင့်အမျှတိုးပွားနေသည့် စွန့်ပစ်ပလတ်စတစ်များကို အကျိုးဖြစ်ထွန်းမှုအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

လောင်စာဆီထုတ်ရန်အတွက် စွန့်ပစ်ပလတ်စတစ်မျိုးစုံ၊ ရေသန့်ဖျော်ရည်ဘူးခွံ၊ ကြွက်ကြွတ်အိတ်၊ ဗီနိုင်းအစုတ်၊ ဖော့ဘူးခွံ၊ ရုပ်မြင်သံကြားစက်ခွံ ပလတ်စတစ်အမာများကို ကုန်ကြမ်းအဖြစ်သုံးကာ နောက်ဆုံးအဆင့် Recycle လုပ်မရနိုင်သော အမည်းရောင်ပလတ်စတစ်များကိုပါ အသုံးချနိုင်သည်ဟုဆိုသည်။



စွန့်ပစ်ပလတ်စတစ်အစိုင်အခဲများအား လေမဲ့ဓာတ်ပြုခြင်းဖြင့် လောင်စာဆီအကြမ်းရလာမည်ဖြစ်ပြီး ဓာတ်ကူပစ္စည်းသုံးကာ ဓာတ်ပြုကွဲစေခြင်းဖြင့် ဓာတ်ဆီ၊ ဒီဇယ်အရောပလတ်စတစ်လောင်စာဆီ အချောရရှိလာမှ ရေနံချက်စက်ရုံနည်းဖြင့် ဒီဇယ်၊ ဓာတ်ဆီခွဲကာ ချက်လုပ်မည်ဖြစ်သည်။

ပလတ်စတစ်တန် (ပိဿာချိန် ၆၀၀) လျှင် ဒီဇယ် ၃ ပီပါခွဲရရှိမည်ဖြစ်ပြီး ရှေ့ပြေးစမ်းသပ်မှုအဖြစ် စက်သေးဖြင့် စမ်းသပ်ထုတ်၍ ထွက်ရှိသောဒီဇယ်ဆီများကို ဒေသနေတောင်သူများက လယ်ယာသုံးစက်များတွင်သုံးစွဲရာ အဆင်ပြေမှုရှိကြောင်း ထုတ်လုပ်သည့်ဓာတုအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက ပြောသည်။

**ဝင်းမြင့်ဦး**

# တရုတ်နိုင်ငံမှ စက်ရုံပေါင်း ၁၅၀ ကျော်နှင့် ပိတ်စမျိုးစုံ ၁ သိန်းကျော် လာရောက်ပြသ

တရုတ်နိုင်ငံမှ စက်ရုံပေါင်း ၁၅၀ ကျော်နှင့် ပိတ်စမျိုးစုံ ၁ သိန်းကျော် ပါဝင်သည့် 2017 Myanmar International Textile Expo ပြပွဲကို ဒီဇင်ဘာလ ၈ ရက်နေ့၊ နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုနှင့် ပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်ရာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင် အားပေးကူညီနိုင်တော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောသည်။

‘အရင်က ကျွန်တော်တို့ Textile ကုမ္ပဏီများက တရုတ်နိုင်ငံကိုသွားပြီးပစ္စည်းဝယ်ရာမှာ အဆင်မပြေမှုများကြုံတွေ့ရပါတယ်။ အခုလိုပြပွဲကျင်းပခြင်းကြောင့် နေရာအနှံ့သွားစရာမလိုဘဲ ပြပွဲတစ်ကြိမ်လာရုံဖြင့် အထည်အလိပ်မျိုးစုံကို စိတ်တိုင်းကျလေ့လာဝယ်ယူနိုင်မှာဖြစ်ကြောင်းနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်းများ မြန်ဆန်တိုးတက်လာနိုင်မည်ဖြစ်ကြောင်း’ Creation Strength Co.,Ltd. မှ မန်နေးဂျင်း ဒါရိုက်တာ ဦးစိုးလှိုင်ကပြောသည်။ ပြပွဲကို Business to Business System ဖြင့်ကျင်းပရာ ကိုယ်စားလှယ်ရယူလိုသူများ၊ အထည်အလိပ်လုပ်ငန်းရှင်များ၊ ပိတ်စဝါသနာပါသူများ၊ ဒီဇိုင်းဝါသနာရှင်များအနေဖြင့် အထည်အလိပ်စက်ရုံများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။




ယင်းအပြင် 2017 Myanmar International Textile Expo ပြပွဲကျင်းပသည့်အတွက်ကြောင့် တရုတ်အထည်အလိပ်လုပ်ငန်းကုမ္ပဏီများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်အောင် တွန်းအားပေးခြင်း၊ အထည်အလိပ်စက်ရုံ ဆောက်လုပ်ရန် တွန်းအားပေးခြင်းဖြင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ပိုမိုရင့်ကျက်ကျွမ်းကျင်အောင် ကူညီပေးခြင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းကို BONDED AREA ပြုလုပ်ရန် တွန်းအားပေးခြင်းတို့ဖြင့် နိုင်ငံခြားဝင်ငွေကောင်းများကို ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထွဏ်း**

# ပုသိမ်တွင် အစိုးရဝန်ထမ်းများအတွက် အငှားအိမ်ရာဆောက်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ အစိုးရဝန်ထမ်းများအတွက် အထပ်မြင့်အငှားအိမ်ရာများ တည်ဆောက်ခွင့်ကို ပြည်ထောင်စုအစိုးရထံတင်ပြထားပြီး ဘတ်ဂျက်ရရှိပါက စတင်တော့မည်ဟု ဧရာဝတီတိုင်းဒေသကြီး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေးကပြောကြားကြောင်း သတင်းရရှိသည်။

ယင်းအိမ်ရာအတွက် အထပ်မြင့်တိုက်ခန်း ၃၂၀ ခန်းကိုဖော်ထုတ်နိုင်မည့် ပေ ၄၀ × ၆၀ မြေကွက် ၅၀ ရရှိထားကာ ပုသိမ်မြို့ရှိ အစိုးရဝန်ထမ်းများ အိမ်ရာအခက်အခဲအဆင်ပြေစေရန် တိုင်းဒေသကြီးအစိုးရကစီစဉ်ခြင်းဖြစ်ပြီး ပေ ၄၀ × ၆၀ မြေကွက် ၁၀၀ ကွက်တွင်လည်း အထပ်မြင့်တိုက်ခန်း ၆၀၀ ကျော်ကို တည်ဆောက်၍ ပင်စင်စားများအတွက် အရစ်ကျပေးသွင်းစနစ်ဖြင့် တိုက်ခန်းများ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဝန်ထမ်းများအတွက် အထပ်မြင့်အငှားတိုက်ခန်း ၃၂၀ ခန်းကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ပင်စင်စားများအတွက် အထပ်မြင့်တိုက်ခန်း ၆၀၀ ကျော်ကို ဆောက်လုပ်ရေးဘဏ်နှင့်ဆောက်လုပ်ရေးလုပ်ငန်းများ ဝန်ဆောင်မှုပြုလုပ်မည့် အခြားသောဘဏ်လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းစီမံကိန်းကော်မတီမှ သိရသည်။

**ဟိန်းသူ**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်း အန္တရာယ်








**'ဆေးလိပ်သောက်ခြင်းသည် သင်၏ကျန်းမာရေးကို ဆိုးရွား စွာထိခိုက်စေသည်'** မျက်နှာဖုံးပါကင်ဆာအနာပုံတွေ၊ အရိုးခေါင်းပုံတွေပြသထားပြီး ဆေးလိပ်သောက်သုံးဝယ်ယူသူများကို သတိပေးထားတယ်။ ဘာလိုနေသလဲဆိုတော့ **'တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကလည်း ဆေးလိပ်ကိုယ်တိုင်သောက်သလို ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်'** စာသားထည့်ပေးစေချင်ပါတယ်။

**တိုက်ရိုက်ဆေးလိပ်ငွေ့ရှူရှိုက်ခြင်း** က ရှင်းတယ်။ မိမိကိုယ်တိုင်ကိုယ်ကျသောက်သုံးပြီး ရှူရှိုက်နေသူဖြစ်တယ်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်းဆိုတာက မိမိကိုယ်တိုင်ဆေးလိပ်မသောက်သုံးဘဲနှင့် တစ်ပါးသူသောက်တဲ့ဆေးလိပ်ငွေ့ကိုမလွှဲသာမရှောင်သာရှူရှိုက်နေခြင်းလို့ ဆိုလိုပါတယ်။ ဆေးလိပ်ကိုယ်တိုင်သောက်ပြီး ဆေးလိပ်အငွေ့ရှူရှိုက်သူရော၊ သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်ရသူပါ ရောဂါပြိုင်တူရနိုင်ပါတယ်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆုတ်ကင်ဆာ၊ လေပြွန်ရောင်ရောဂါ၊ ခံတွင်းကင်ဆာ၊ အစာရေမျိုရောဂါ၊ ဆီးအိမ်ကင်ဆာ၊ ကျောက်ကပ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အစာအိမ်ရောဂါ၊ ခြေချောင်းလက်ချောင်းထိပ် သွေးကြောပိတ်ရောဂါ၊ ခြေထောက်သွေးမလျှောက်ရောဂါတို့ဖြစ်တယ်။

**ဆေးလိပ်သောက်သူအမျိုးသမီး**တွေမှာ မျိုးပွားအင်္ဂါဆိုင်ရာရောဂါရရှိခြင်း၊ အချိန်မတိုင်မီဓမ္မတာသွေးဆုံးခြင်း၊ သားပျက်ခြင်း၊ ပေါင်မပြည့်လမစေ့မွေးခြင်း၊ သားအိမ်ကင်ဆာဖြစ်ပွားနှုန်းမြင့်မားလာတယ်။ တစ်ဆင့်ခံသောက်နေရသူတွေပါ ဖြစ်တတ်ပါတယ်။

**ကျန်းမာရေးလိုက်စားသူတိုင်း** ဆေးလိပ်ဖြတ်ဖို့လိုတယ်။ ဆေးလိပ်မသောက်ရနယ်မြေ တိုးချဲ့ပေးရမယ်။ ကျောင်း၊ ဈေး၊ ဆေးရုံ၊ ရုံး၊ ဘူတာရုံ၊ ကားမှတ်တိုင်တို့မှာ လူစုလူဝေးဒေသတွေမှာ မသောက်သင့်ပါဘူး။ ဆေးလိပ်မှာ လူကိုစွဲလန်းစေတဲ့နီကိုတင်း ခေါ် စိတ်ကိုစွဲလန်းစေတဲ့ ဓာတုပစ္စည်းအပါအဝင် အမျိုးပေါင်း ၄,၀၀၀ ကျော်နဲ့ကင်ဆာဖြစ်စေတဲ့ ပစ္စည်း ၂၂ မျိုးပါဝင်တယ်။ နီကိုတင်းက စွဲလန်းစေတယ်။

**ဆေးလိပ်သောက်ခြင်းရဲ့ဆိုးကျိုး**တွေက နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာနဲ့ အခြားကင်ဆာတွေ၊ အဆုတ်လေပြွန်ရောင်ခြင်း၊ လက်နဲ့ခြေထောက်ရှိ သွေးလွှတ်ကြောကြီးများပိတ်လို့ ခြေချောင်းလက်ချောင်းပုပ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်းကြောင့် လူစဉ်မမီခြင်း၊ ပန်းသေပန်းညှိုးရောဂါ၊ မိခင်တွေမှာ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးပေါင်မပြည့် လမစေ့မွေးခြင်း၊ မွေးကင်းစကလေးသေဆုံးခြင်းစတဲ့ ကျန်းမာရေးဆိုးကျိုးတွေကို တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကြောင့် ရနိုင်ပါတယ်။

**ဆေးလိပ်ဟာ ငွေအပိုကုန်ကျနေလို့** မိသားစုစားဝတ်နေရေးကြပ်တည်းခြင်း၊ အိမ်ထောင်ဦးစီးမှာရောဂါရရင် မိသားစုမှာဆုံးရှုံးမှုကြီးစွာဖြစ်ခြင်း၊ ဆေးလိပ်မှမူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားအထိစွဲသွားပြီး လူမှုရေးဆုံးရှုံးမှုများ၊ ရာဇဝတ်မှုများအထိဖြစ်နိုင်တယ်။ ဆေးလိပ်ဟာ လူတို့ရဲ့ကာယ၊ ဉာဏစွမ်းအားကိုထိခိုက်စေတယ်။ ဆေးရွက်ကြီးစိုက်ခင်း၊ စီးကရက်စက်ရုံတွေကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်းစတဲ့ လူမှုရေးဆိုးကျိုးတွေ ဖြစ်နိုင်လို့ ဆေးလိပ်ကိုရှောင်ရှားသင့်တယ်။

**ဆေးလိပ်ကို ဘယ်အချိန်ကပဲစသောက်သောက်** ဖြတ်လိုက်တဲ့အချိန်မှာ ကျန်းမာရေးကောင်းလာတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာစတဲ့ ဆေးလိပ်ကြောင့်ဖြစ်တဲ့ရောဂါတွေ ဖြစ်ပွားနိုင်မှုလျော့နည်းသွားတယ်။ လူ့သက်တမ်းစေ့ နေနိုင်တယ်။ ဆေးလိပ်ကြောင့် ငွေကုန်ကျမှုနည်းလာတယ်။ ကျန်းမာရေးစောင့်ရှောက်မှုမှာ ဝန်ထုပ်ဝန်ပိုးလျော့နည်းသွားစေတယ်။

**ဆေးလိပ်ဖြတ်ဖို့** တိုက်တွန်းရမယ်။ ဆေးလိပ်ဖြတ်တဲ့အချိန်ကစပြီး မိသားစုနဲ့သူငယ်ချင်းတွေကို ဆေးလိပ်ဖြတ်ပြီဖြစ်ကြောင်း ကြေညာသင့်တယ်။ လျှော့သောက်ဖို့မကြိုးစားဘဲ တိကနဲဖြတ်သင့်တယ်။ ဆေးလိပ်နဲ့သက်ဆိုင်တဲ့ပစ္စည်းတွေ ပတ်ဝန်းကျင်မှာမရှိသင့်ပါ။ ဆေးလိပ်သောက်မယ့်နေရာတွေ မသွားသင့်ဘူး။ မိဘ၊ မိသားစု၊ အပေါင်းအသင်းထောက်ခံမှုရယူသင့်တယ်။

**ဆေးလိပ်ဟာ သွေးဆာနေတဲ့သွေးစုပ်ဖုတ်ကောင်**လို လူအများအပြားရဲ့ အသွေးအသားကို ဝါးမြိုဖျက်ဆီးလျက်ရှိနေတယ်။ အသိတရားနဲ့သတိထားဖို့လိုပါပြီ။ ကမ္ဘာတစ်ဝန်းမှာ ဆေးလိပ်ကြောင့်သေဆုံးသူ တစ်နှစ်မှာ ၄ သန်းကျော်ခန့်ရှိတယ်ဆိုတယ်။ ဒီနှုန်းအတိုင်းသာဆိုရင် သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်မှာ ဆေးလိပ်သောက်သုံးမှုကြောင့် တစ်နှစ်လူ ဆယ်သန်းခန့်သေဆုံးကြရမှာဖြစ်တယ်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်နေရသူတွေလည်းပါတယ်။

**သွေးတိုးရောဂါရှိသူများ** ဆေးလိပ်သောက်ရင် သွေးပေါင်ချိန်ထိန်းချုပ်ရခက်ခဲလို့ အသက်အန္တရာယ်ရှိပါတယ်။ ဆေးလိပ်ရဲ့အငွေ့က လူရဲ့ခန္ဓာကိုယ်အစွန်အဖျားတွေဖြစ်တဲ့ ခြေချောင်းထိပ်၊ လက်ချောင်းထိပ်တွေဆီ သွေးပို့လွှတ်နေတဲ့သွေးကြောတွေကို ပိတ်စေပါတယ်။

**ဆေးလိပ်နဲ့ကွမ်း ကမ်းတဲ့ဓလေ့**ဟာ ယနေ့မြန်မာ့ယဉ်ကျေးမှုကနေ ဖယ်ထုတ်သင့်ပြီဖြစ်တယ်။ ဧည့်သည်လာလို့ ဆေးလိပ်ကမ်းတာ၊ ကွမ်းအစ်တည်တဲ့အကျင့် ဖျောက်သင့်ပါပြီ။ ကမ္ဘာတစ်လွှား 'ဆေးလိပ်ဆန့်ကျင်ရေး' ဆောင်ရွက်နေတဲ့နည်းတူ မြန်မာနိုင်ငံမှာလည်း 'ဆေးလိပ်ဆန့်ကျင်ရေး' ဆောင်ရွက်နေပါတယ်။ လူ့ဘောင်လောကကောင်းကျိုးပြုနိုင်ဖို့ ဆေးလိပ်၊ ကွမ်း၊ ဆေးငုံခြင်းတို့ရှောင်ရှားသင့်သလို တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်စေရတဲ့ ပတ်ဝန်းကျင်ကိုလည်း ပယ်ဖျက်ရမှာဖြစ်တယ်။ ကိုယ့်ကြောင့် ဆေးလိပ်ငွေ့ကင်းစင်တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်သင့်ပါတယ်။

**ဒေါက်တာလွင်သန့်**

## မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် CB Bank မှ ကျပ်သိန်း ၂၀၀ ထုတ်ချေးရန်စီစဉ်

ငါး၊ ပုစွန်အပါအဝင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းရှင်တစ်ဦးလျှင် သမဝါယမဘဏ် (CB Bank) က ကျပ်သိန်း ၂၀၀ ထုတ်ချေးပေးရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

ထုတ်ချေးရာ၌ အပေါင်ပစ္စည်းထားရှိရန်မလိုအပ်ဘဲ တစ်နှစ်လျှင် အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး လတ်တလောစတင်ထုတ်ချေးမည့်ကာလကို CB Bank နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့တို့ ညှိနှိုင်းနေကြသည်။

မွေးမြူရေးလုပ်ငန်းများကို အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMEs) အဖြစ်ထည့်သွင်းသတ်မှတ်ကာ ဘဏ်များမှတစ်ဆင့် ချေးငွေများထုတ်ချေးပေးသွားမည်ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင်ပြောကြားပြီး ယခုချေးငွေကို SMEs လုပ်ငန်းများအဖြစ် သတ်မှတ်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က ပြောသည်။

အဆိုပါချေးငွေရယူလိုသည့် မွေးမြူရေးလုပ်ငန်းရှင်များသည် လုပ်ငန်းအမှန်တကယ်လည်ပတ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ ထောက်ခံချက်ရယူမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနကထုတ်ပေးထားသည့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားကြောင်း အထောက်အထားပုံစံ-၇ နှင့်လုပ်ကိုင်ခွင့်လန-၃၉ တို့ကိုလည်း တင်ပြရမည်ဖြစ်ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

**လေးမောင်မောင်**




ရန်ကုန်တိုင်းဒေသကြီး၊ မြို့တွင်းမြို့နယ်များတွင် ကားရပ်နားရန် စည်ပင်ပိုင်မြေပေါ်တွင် ကျူးကျော်နေရာချထားသူများကို တရားစွဲမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီများ၊ တိုက်ခန်းများ၊ ကွန်ဒိုများ၊ ဘဏ်များ၊ ရှော့ပင်းစင်တာများရှေ့တွင် ကားရပ်နားရန် ကားပါကင်ဦးထားသည့် တာယာခွေများ၊ ဆိုင်းဘုတ်များ၊ ခုံများချထားခြင်းနှင့် ဝါးလုံးများကိုသိမ်းဆည်းလျက်ရှိပြီး ပိုင်ရှင်ကိုရှာဖွေတွေ့ရှိပါက တရားစွဲမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

ရန်ကုန်မြို့တွင်းမြို့နယ်များတွင် ကားပါကင်နေရာဦးမှုပြဿနာများ ပိုမိုဖြစ်ပွားလာကြောင်းနှင့် ကားပါကင်နေရာနှင့် လမ်းနယ်ကျူးကျော်သူများကို စည်ပင်ထံသို့တိုင်ကြားစာများကို အလေးထားအရေးယူဆောင်ရွက်နေပြီး စည်ပင်မြေပေါ်ကျူးကျော်ကာ တစ်ဦးတည်းပိုင်အဖြစ်ပြုလုပ်ထားသူများကို ဖမ်းဆီးရမိပါက စည်ပင်သာယာအက်ဥပဒေပုဒ်မ ၆၈ အရ ဒဏ်ငွေကျပ်တစ်သောင်းမှငါးသိန်းအထိ ဒဏ်ကြေးဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

**စံမျိုးထက်**

## တိုက်ကြေစလစ်ဈေး နှစ်သိန်းခန့်ပြန်တက်

စလစ်ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေရာမှ ယခုအပတ်အတွင်း တိုက်ကြေစလစ်တစ်စောင် ကျပ်နှစ်သိန်းခန့်ပြန်လည်မြင့်တက်နေကြောင်းကို မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသော်လည်း နှစ် ၂၀ စလစ်များ၊ တိုက်ကြေအမည်ပေါက်စလစ်နှင့် ယာဉ်အို၊ ယာဉ်ဟောင်း၊ အပ်ကားဈေးနှုန်းများမှာ အတက်အကျမရှိ ငြိမ်သက်နေပြီး ဈေးနှုန်းမှာထပ်မံကျဆင်းနိုင်ကြောင်း စလစ်ဈေးကွက်အတွင်းမှ သိရပြန်သည်။

လက်ရှိစလစ်ဈေးကွက်အတွင်း စလစ်ထုတ်ယူရာတွင် ကြာမြင့်နေသည့်အတွက် အမည်ပေါက်စလစ်ဝယ်ယူသူထက် အမည်မပေါက်သည့်စလစ် ဝယ်ယူသူပိုမိုများပြားသည်ဟုဆိုသော်လည်း အရောင်းအဝယ်အနည်းငယ်သာရှိကြောင်း သိရသည်။



လက်ရှိ အနှစ် ၂၀ အမည်ပေါက်စလစ်တစ်စောင်လျှင် ကျပ် ၁၃၃ သိန်းခန့်၊ နှစ် ၂၀ အမည်မပေါက်သည့် စလစ်တစ်စောင်လျှင် ကျပ် ၁၂၈ သိန်းခန့်နှင့် နှစ် ၂၀ ယာဉ်အို၊ ယာဉ်ဟောင်း အပ်ကားတစ်စီးလျှင် ကျပ် ၁၂၀ သိန်းခန့်ဈေးရှိပြီး တိုက်ကြေအမည်ပေါက်စလစ်တစ်စောင်လျှင် ကျပ် ၁၂၅ သိန်းခန့်၊ တိုက်ကြေအမည်မပေါက်သည့် စလစ်တစ်စောင်လျှင် ကျပ် ၁၂၂ သိန်းခန့်နှင့် တိုက်ကြေအပ်ကားတစ်စီးလျှင် ကျပ်သိန်း ၁၀၀ ခန့်ဈေးရှိကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသည်။

**ဆွေဝင်းမောင်**

## အငှားယာဉ်များအတွက် စည်းမျဉ်း၊ နည်းဥပဒေများကို က.ည.န နှင့် YRTA တို့ ပူးပေါင်းရေးဆွဲဖို့စီစဉ်

အငှားယာဉ်များမျှတသောယှဉ်ပြိုင်မှုဖြစ်စေရန် စည်းမျဉ်း၊ စည်းကမ်းနှင့်ဥပဒေများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် YRTA တို့ပူးပေါင်းရေးဆွဲဖို့စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်ကပြောသည်။



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဒီဇင်ဘာလ ၄ ရက်နေ့က သဃ်န်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင် (ခ) ဦးနေဘုန်းလတ်၏မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ ၄င်းက ‘Mobile App သုံး Online အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာပြီး မြန်မာ့အငှားယာဉ်လောကတစ်ခေတ်ဆန်းစေဖို့ လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေများရှိလာစေရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း’ မေးမြန်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် Online အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော Oway, Hello Cab နှင့် Grab ကုမ္ပဏီများကိုလည်း တစ်ခုချင်း မှန်မှန်ကန်ကန်ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရေး ခေါ်ယူညှိနှိုင်းဆောင်ရွက်မှု (၃) ကြိမ်ရှိပြီဖြစ်ကြောင်း ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားခဲ့သည်။

**အောင်ပိုင်မျိုး**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**အကြံပေး**
**ဦးသောင်းဦး**

**စာတည်းမှူးချုပ်**
**ဦးကျော်လှိုင်**

**ဒုတိယစာတည်းမှူးချုပ်**
**ဦးနိုင်ဇော်ဝင်း**

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
**ဦးဟိန်းမင်းဇာ**

**စာမျက်နှာအပြင်အဆင်**
**ဒေါ်ခင်သီတာမိုး**

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**
**ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး**

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
**ခေါင်ရေ** ၄၉၅၀

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၄၀၅၀၅၇
၀၁ - ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

## စာမူနှင့် သတင်းများ ဖိတ်ခေါ်ပါသည်

**စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်းအတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသ စာမူများ၊ ကြော်ငြာများနှင့်စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@ gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြမှုးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။**

**စက်မှုအလင်းဂျာနယ်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## ဝေရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သည့် ဖိလစ်ပိုင်အမျိုးသမီး တရုတ်နိုင်ငံသို့ သစ်သားလှေဖြင့်ရွက်လွှင့်

ကမ္ဘာ့အမြင့်ဆုံးဝေရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သော ဖိလစ်ပိုင်နိုင်ငံသူ 'ကာရီနာဒါယွန်ဒွန်' သည် သူမ၏အဖွဲ့နှင့်အတူ သစ်သားလှေဖြင့်ရွက်လွှင့်၍ တရုတ်နိုင်ငံသို့ ခရီးနှင်မည်ဟုသိရသည်။

ယင်းသို့ ရွက်လွှင့်ခရီးနှင်မှုသည် အင်အားလျော့နည်းနေသော ရေကြောင်းခရီးသွားလာမှုအား မြှင့်တင်ရန်နှင့် အမျိုးဂုဏ်ဆောင်လိုသော ရည်ရွယ်ချက်ဟု 'ကာရီနာဒါဟွန်ဒွန်' ကဆိုသည်။

သူမသည် အသက် ၃၉ နှစ်သာရှိပြီး မနီလာမှတရုတ်နိုင်ငံသို့ရွက်လွှင့်ရန်စီစဉ်ခြင်းသည် ဖိလစ်ပိုင်၌ ၁,၅၀၀ ပြည့်နှစ်များမတိုင်မီက ကုန်သွယ်ရေးနှင့်ကူးသန်းသွားလာရေးတွင် အသုံးပြုရသောရေကြောင်းခရီးကို ပြန်လည်အကောင်အထည်ဖော်လိုသော ရည်ရွယ်ချက်လည်းပါသည်။

အဆိုပါ ရွက်လွှင့်မည့်ခရီးစဉ်ကို တောင်တက်ခရီးတွင် ဦးဆောင်ခဲ့သည့် အသက် ၆၉ နှစ်အရွယ်ရှိ 'အာတူရိုဗယ်လ်ဒက်စ်' ကပင် ဦးဆောင်မည်ဖြစ်ပြီး ရွက်လွှင့်မည့်သစ်သားလှေကို အေဒီ ၃၂၀ က ဖိလစ်ပိုင်တွင်အသုံးပြုခဲ့သော သစ်သားရှေးဟောင်းလှေပုံစံအတိုင်း ဆောက်လုပ်မည်ဖြစ်ပြီး ကီလိုမီတာ ၁,၀၀၀ ခန့်အကွာအဝေးရှိသည့် တရုတ်နိုင်ငံ၊ ကွမ်ကျိုးဒေသခရီးတွင် ခေတ်မီနည်းပညာဖြင့် အထောက်အပံ့များကို အတတ်နိုင်ဆုံးချွေတာအသုံးပြုသွားမည်ဟုလည်း သိရသည်။

**ဝင်းမြင့်ဦး**



## ဒီဇင်ဘာ လမ်းလျှောက်ပွဲ



ပန်းကလေးတွေ တမွှေးမွှေး
ငှက်ကလေးတွေ တကြော်ကြော်
ဒီဇင်ဘာ နံနက်ခင်း
လက်ချင်းတွဲပျော်
လမ်းလျှောက်စို့ အတူတူနော်
အားလုံးခေါ် သွားကြစို့
နေမထွက်မီမှာဘဲ
ခြေလက်ညီ သွက်သွက်လှမ်း
ကျန်းမာအောင်လို့ ...။

တစ်လမ်းဝင် တစ်လမ်းထွက်
ချိတက်လျက် တို့တတွေ
လေသန့်သန့် ထုတ်ရှုသွင်း
လေ့ကျင့်ရင်းလေ
ကြွေဆင်းတဲ့ သစ်ရွက်တွေ
တဝဲဝဲဝေလည်း
ဝေပါစေနှင်းတွေ ကြားမှာဖြင့်
ပြေးလွှားကာ နွေးအောင်လုပ်
နောက်မဆုတ်ဘဲ ...။

ဒီဇင်ဘာ နှင်းတွေထဲ
လမ်းလျှောက်ပွဲ ဆင်နွှဲကာ
ကျန်းမာအောင် ဂရုစိုက်
သိုက်မြိုက်လှစွာ
သန်စွမ်းမှ လူဆိုတာ
ကိုယ့်ပြည်ရွာ ကိုယ့်လူမျိုး
တိုးတက်စေစည်လို့
ရှေ့ရှည်မှာ ရွှေရည်လောင်းသလို
ကောင်းကျိုးသယ်ပိုး ...။

**မြင့်မြတ်အောင်မြင့်**

## Steel Eye Security ကုမ္ပဏီက လုံခြုံရေးအေဂျင်စီများနှင့်ပူးပေါင်း၍ ဝန်ဆောင်မှုများပေးမည်

Steel Eye Security ကုမ္ပဏီအနေဖြင့် ပြည်ပမှလုံခြုံရေးဆိုင်ရာနည်းပညာများ၊ ပြည်တွင်းရှိလုံခြုံရေးအေဂျင်စီများနှင့်ပူးပေါင်း၍ လုံခြုံရေးကိစ္စရပ်များအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း Steel Eye Security ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးကျော်ဇင်သိန်းက ပြောကြားသည်။

Steel Eye Security Co.,Ltd. နှင့် Youbang Gaurd Security Co., Ltd.၊ Suixing Technology Co.,Ltd. တို့၏ လုံခြုံရေးဆိုင်ရာနည်းပညာများ ပူးပေါင်းဆောင်ရွက်မှုသဘောတူလက်မှတ်ရေးထိုးပွဲကို ဒီဇင်ဘာလ ၈ ရက်နေ့၊ နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel, Yankin ခန်းမတွင်ကျင်းပခဲ့သည်။

'လုံခြုံရေးဆိုတာက ယူနီဖောင်းဝတ်ဆင်ပေးရုံနဲ့ မလုံလောက်ဘူး။ ကိုယ်ခံပညာ အထိုက်အလျောက်တတ်ရမယ်။ မီးသတ်သင်တန်း၊ ယာဉ်ထိန်းသင်တန်း၊ ရှေးဦးသူနာပြုစုမှုသင်တန်းတွေ တက်ရောက်သင်ကြားပြီးသူဖြစ်ရမယ်။ ဒီသင်တန်းတွေကို ကျွန်တော်တို့က In House ဖွင့်ပြီး သင်ကြားပေးထားပါတယ်။ ယခုလက်ရှိ အရည်အချင်းပြည့်မီတဲ့ လုံခြုံရေးဝန်ထမ်း ၁၀၀ ဦးနဲ့စတင်ပြီး ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်' ဟု Steel Eye Security ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဇင်သိန်းက ပြောသည်။

Steel Eye Security ကုမ္ပဏီအနေဖြင့် Youbang နှင့် Suixing ကုမ္ပဏီများနှင့်ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာ Application တစ်ခု စတင်ထုထောင်မည်ဖြစ်ပြီး Traffic System ပါဝင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းမှလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ဟိုတယ်များသာမက နိုင်ငံခြားသားခရီးသွားများ၊ VIP Visit များအား လုံခြုံရေးဝန်ထမ်းနှင့် VIP စီး မော်တော်ယာဉ်များဖြင့် လုံခြုံမှုပေးစွမ်းနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

Steel Eye Security ကုမ္ပဏီသို့ ဆက်သွယ်ဆောင်ရွက်လိုသူများအနေဖြင့် အမှတ် (၂၃) ကျန်စစ်သားလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ ဖုန်း-၀၉ ၄၀၃၇၈၅၅၄၇၊ ၀၉၄၀၃၇၈၅၅၄၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။




**မင်းထွဏ်း**

# ထွက်ပေါက်



**စိမ်းစိုးဦး**

ကျွန်တော်တို့သည် သားငယ်သမီးငယ်များအား နိုင်နင်းစွာထိန်းချုပ်ကွပ်ညှပ် စည်းကမ်းချမှတ်ထိန်းကျောင်းနေသည့်ကြားမှ လွတ်ထွက်ကာ လူလည်ကျသွားပါက မခံချိမခံသာဖြစ်ရပါမည်။ 'ဆီလိုအပေါက်ရှာပြီး လစ်ထွက်ချင်တဲ့ကောင်' ဟု မြည်တွန်တောက်တီးတတ်ကြပါသည်။ လူကြီးမိဘများက အကွပ်အညှပ်၊ အချုပ်အချယ်များလေ ထိန်းချုပ်ခံကလေးများအဖို့ သက်သာချောင်ချိခွင့်၊ လွတ်လပ်ပေါ့ပါးခွင့်၊ ဆော့ကစားခွင့်ရရန် ဆီလိုအပေါက်ရှာတတ်ကြပါသည်။

အဆင့်မြင့်အသိဉာဏ်နှင့် ကြံရည်ဖန်ရည် ဉာဏ်ရည်မြင့်သော လူများအဖို့လည်း ဆီလိုပင်ထွက်ပေါက်အရှာကောင်းသူများ၊ ထွက်ပေါက်ရှာရေးတွင် လက်မနှေးသူများဖြစ်သင့်ပါသည်။

'ပဒတ်လိမ္မာ၊ ဂယ်ဆယ်ပေါက်' ဆိုသော ဆိုရိုးစကားရှိပါသည်။ တောထဲမှ အဆင့်နိမ့်တွားသွားသတ္တဝါပဒတ်ကလေးတွင်ပင် အရေးကြုံက သက်လုံကောင်းရန်၊ အသက်အန္တရာယ်ဘေးလွတ်ကင်းအောင် ရှောင်တိမ်းရန် အရေးပေါ်ထွက်ပေါက်၊ ဂယ်ပေါက် ဆယ်ပေါက်နီးပါးဖောက်ထားသည်ဆို၏။ ဆယ်ပေါက်ထိမရှိလျှင်ပင် ဒါဇင်ဝက်ခန့်တော့ သူတို့၏ ပင်ကိုယ်သန် ဉာဏ်အမြော်အမြင်နှင့် ဖောက်ထားတတ်ပါသည်။ ပဒတ်တူးသူများ ကျင်းကိုတူးကာ အမိဖမ်းဖို့ကြိုးစားတိုင်း အလွယ်တကူရှာမတွေ့အောင် ကျစ်စာခဲမွမွနှင့် ပုံဖျက်ကွယ်ဝှက်ထားသောဂယ်ပေါက်မှ ထွက်ပြေးလွတ်မြောက်အောင် အားထုတ်တတ်ကြ၏။

မြို့မငြိမ်း၏ 'အတ္တဟိ၊ အတ္တနော၊ နာထော' သီချင်းတွင် 'အောင်လမ်းကို တွေ့အောင်ရှာ' ဟူသော တေးစာသားပါပါသည်။ ဆီလိုယိုစိမ့်ရန်ထွက်ပေါက်ရှိ၊ ဂယ်ပေါက်ရှိလျှင် ပြီးရောမဟုတ်ချေ။ အကျိုးရှိအဖိုးတန်သော အောင်လမ်းကိုတွေ့အောင်ရှာဟု စေတနာပါပါ အကျိုးလိုလားစွာ တိုက်တွန်းလှုံ့ဆော်၏။

ဘယ်လိုချုပ်နှောင်ချယ်လှယ်တားဆီးပိတ်ဆို့ခံနေရသည်ဖြစ်စေ မိမိဘဝလိုအပ်ချက်အရ လှုပ်ရှားရုန်းကန်ရှင်သန်ရန် ဆီလိုအပေါက်ရှာထွက်ပေါက်ရှာရန် စိတ်ကြိုက်နေခွင့်ရရန်၊ လွတ်လပ်စွာရပ်တည်ရန်၊ ဂယ်ပေါက်ရှာရန် ဘဝတာဝန်ရှိသည်ဟု ယုံကြည်မိပါသည်။

ခေါင်းငုံ့လည်စင်းခံကာ ငြိမ်ကုတ်နေရန်မဟုတ်ချေ။ သစ်ပင်သစ်ညွှန့်ကလေးပင် ချိုးနှိမ်၊ ခေါင်ညွှန့်ချိုးခံခံရပါက ဝေဆာသောအညွှန့်အတက် ထွက်ရှိလာကြသည်မဟုတ်ပါလား။ အချုပ်အချယ်၊ အချိုးအနှိမ်မခံသင့်ချေ။

နေဖြစ်ရုံမာနနှင့် အချိုးအနှိမ်မခံတုန့်ပြန်ရပါမည်။ ထိုအခြင်းအရာမှာ ရှိသင့်သောမာန်မာန ကြံရည်ဖန်ရည် ဉာဏ်ရည်တို့၏ သဘောသဘာဝဖြစ်ပါသည်။ လေးစားအပ်၊ ရိုသေအပ်သော မာန်မာနသဘောဖြစ်ပါသည်။ အစွမ်းသတ္တိတည်း။

ဆိုပါစို့၊ ဆင်းရဲနွမ်းပါး၍ သိမ်ငယ်နုံနဲ့စွာ လူစဉ်မမီလူတန်းမစေ့ ညှိုးငယ်သေးသိမ်စွာ ကျောင်းတက်စာသင်ရစဉ် လူမလေးခွေးမခန့်အခြေအနေဆိုးနှင့်ရင်ဆိုင်ရစဉ် မွန်းကြပ်သောအနေအထားမှ လူရိုသေရှင်ရိုသေဖြစ်စေရန် ထွက်ပေါက်မှာ အတန်းတင်စာမေးပွဲ နှစ်စဉ်အောင်စေရမည်ဟု ထွက်ပေါက်ရှာနိုင်စွမ်းမှာ မဖြစ်နိုင်သောကိစ္စမဟုတ်ချေ။

အမြင်သန်ကာ မှန်ကန်သော ဂုဏ်သိက္ခာရှိသော ထွက်ပေါက်ရှာခြင်းမည်ပါသည်။ မလှစုန်းမျိုး မရှိခိုးနိုး ဘဝအနေအထားရှိစဉ် လူယုံကြည်ခံရအောင်၊ လူချစ်လူခင်များအောင် ရိုးဖြောင့်တည်ကြည်စွာ အနေတတ်၊ အပြောတတ်၊ ကျင့်ကြံနေထိုင်တတ်ခြင်းသည် ထွက်ပေါက်ရှာခြင်းမည်ပါသည်။

ခြေဗလာ၊ လက်ဗလာနှင့် ကြုံရာကျပန်း ပျံကျလုပ်ကိုင်စားသောက်နေရသော ဘဝအနေအထားတွင် မိမိအလုပ်ကိုရိုသေ၍ 'အလုပ်ဟူသမျှဂုဏ်ရှိစွ' ဟုသဘောထားကာ မိမိအလုပ်ကို နိုးကြားထကြွလုံ့လဝီရိယရှိစွာလုပ်တတ်ခြင်း၊ အလုပ်မရွေးခြင်း၊ အလုပ်ကောင်းခြင်း၊ အလုပ်လုပ်လိုစိတ်ရှိခြင်းသည် ဘဝအတွက်ထွက်ပေါက်ရှာခြင်းမည်ပါသည်။ ထိုအခြင်းအရာ၊ ထိုအကြောင်းအချက်အားလုံးကို ဘဝပညာ၊ ဘဝအသိရှိခြင်း၊ အမြင်သန်၍ ပါးနပ်သောဉာဏ်ရည်ရှိခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်းဟုခေါ်ပါသည်။ ကံကြမ္မာကို ယိုးမယ်ဖွဲ့ကာ ဝမ်းနည်းကြေကွဲရင်း ငြိမ်ကုတ်နေရန်မဟုတ်။ စိတ်ပျက်လက်ပျက်ဖြစ်နေရန်မဟုတ်။

အမြင်သန်သန်နှင့် ဘဝထွက်ပေါက်မှန်ကို ရှာယူတတ်ရန်၊ တွေးခေါ်မြော်မြင်တတ်ရန်၊ နည်းလမ်းရှာတတ်ရန်လိုပါသည်။ ဘဝပေးအခြေအနေမကောင်း မွန်းကြပ်သော အနေအထားရှိလေလေ သက်သာရာရစေမည့် ထွက်ပေါက်ရှာဖို့လိုအပ်လေလေ ဖြစ်နေပါမည်။ ကြံစည်စမ်း၊ စိတ်ကူးစမ်း၊ နည်းလမ်းရှာစမ်း။ ဒီအခြေအနေ အကြပ်အတည်းဆိုးကလွတ်မြောက်စေမယ့် ထွက်ပေါက်ရှာတွေ့ဖို့လိုအပ်တယ်ဟု အသိအမြင်၊ အတွေး၊ အသိစိတ်ဓာတ်၊ အားမာန်သတ္တိရှိနေခြင်းမှာ ဘဝအတွက်အရေးပါသော၊ ကံကောင်းထောက်မသော ဉာဏ်ရည်ဦးနှောက်ရှိနေခြင်းမည်ပါသည်။

အထူးအရေးကြီးသည်မှာ မိမိဘဝအခြေအနေမှန်ကို အမြင်သန်သန်နှင့် မှန်မှန်ကန်ကန်သိရှိနားလည်တတ်ရန်လိုပါမည်။ ကုသိုလ်ကံအကျိုးပေးမကောင်းမှုကို သနားစရာပုံပန်းနှင့် စိတ်ပျက်လက်ပျက်ဖြစ်နေရန် ငြိမ်ကုတ်ကာခေါင်းငုံ့လည်စင်းခံနေရန်မဟုတ်။ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးကာ ကိုယ့်နည်းကိုယ့်ဟန်နှင့် အကောင်းဆုံးဘဝထွက်ပေါက်ကို ရှာဖွေတွေ့ရှိရန်သာ အဓိကအရေးကိစ္စဟု သိရှိနားလည်တတ်ရန်မှာ ပဓာနအရေးကြီးအချက်တည်း။

× × ×

လူ့ဘဝ၏မွေးဖွားပြီးသည်မှ မသေခင်စပ်ကြား အထိုက်အလျောက်ရှည်လျားလှသော ဘဝခရီးအတွင်းတွင် ဘယ်ဒေသ၊ ဘယ်အခြေအနေတွင် ဘယ်ပတ်ဝန်းကျင်မှ ဘယ်လိုလူမျိုးများနှင့် ဆက်ဆံရသည်ဖြစ်စေ ပေါင်းတတ်သင်းတတ်ခြင်း၊ အပြစ်လွတ်အောင် ပြောတတ်ဆိုတတ်၊ နေထိုင်တတ်၊ ကျင့်ကြံတတ်ခြင်းဆိုသည့် လူ့စွမ်းရည်တစ်မျိုးရှိပါသည်။ လူတချို့သည် တွေ့သည့်လူနှင့်သင့်အောင်ပေါင်းရန် အလိုက်သင့်ကလေးနေပေးရန် မတတ်နိုင်ကြချေ။ အခက်အခဲရှိတတ်ကြပါသည်။ အထူးသဖြင့် ဘဝတွင်မွန်းကြပ်သောအခြေအနေမှ လွတ်မြောက်အောင်ထွက်ပေါက်ရှာလျှင် ထိုအပေါက်မှရအပ်သော ပတ်ဝန်းကျင်သစ်နှင့်အဆင်ပြေချောမွေ့အောင် အလိုက်သင့်ကလေး ပေါင်းသင်းဆက်ဆံ ရှင်သန်တတ်ရပါဦးမည်။ ပတ်ဝန်းကျင်သစ်တွင် အခက်အခဲမရှိ အလွယ်တကူဝင်ဆံ့တတ်၊ စီးမြောတတ်သောစွမ်းရည်လည်း ရှိရပါဦးမည်။

ဆီလိုအပေါက်ရှာ ထွက်ပေါက်ရှာရာတွင် အပြင်ရောက်ရ၊ လွတ်လပ်ခွင့်ရလျှင်ပြီးရော မဟုတ်လောက်ချေ။ ယခင်အခြေအနေထက် သက်သာချောင်ချိသော၊ အလားအလာကောင်းသော တိုးတက်ရာကောင်းမွန်ကြောင်းဖြစ်သော၊ အဓိပ္ပာယ်ရှိသော၊ အကျိုးရှိသော ထွက်ပေါက်ရှာမှုသာ ဖြစ်စေရပါမည်။ ဖြစ်သင့်ပါသည်။ ထွက်ပေါက်မှအပြင်ရောက်၍ ပတ်ဝန်းကျင်သစ်တွင် ရှင်သန်ရသောအခါ အလိုက်သင့်ကလေး ဝင်ရောနိုင်စွမ်းရှိရပါဦးမည်။ ဝင်တတ်ထွက်တတ်ရှိပါမှ ပြည့်စုံသောအစွမ်းသတ္တိဖြစ်ပါမည်။

ထွက်ပေါက်မရှာမီ သင့်ဘဝပေးအခြေအနေအား လက်တွေ့ကျကျ သုံးသပ်ပါ။ စိတ်ကူးယဉ်၍ ထွက်ပေါက်ရှာခြင်းဖြစ်ပါက 'သေချင်သည့်ကျား တောပြေ■' ဖြစ်နိုင်ကြောင်း သတိပြုသင့်ပါ၏။

---

## အခမဲ့ရွှေသင်တန်းဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ (၁၅) ကြိမ်မြောက် အခမဲ့ရွှေသင်တန်းကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသင်တန်းတွင် ရွှေပန်းထိမ်ပညာရပ်အပြင် ရွှေတူးဖော်ထုတ်လုပ်ခြင်း၊ ရွှေသန့်စင်ခြင်း၊ ရွှေဆိုင်ဖွင့်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ၊ နည်းပညာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည့်အပြင် ရွှေဖြူများ၏ကွဲပြားခြားနားသော သဘောသဘာဝများ၊ ကျောက်မျိုးစုံ အရည်အသွေးစစ်ဆေးနည်းများကို ကျွမ်းကျင်သော ရွှေပညာရှင်များနှင့် ရွှေလုပ်ငန်းရှင်များက သင်ကြားပေးမည်ဟုသိရသည်။

သင်တန်းကာလမှာ ၁၀ ရက်မျှကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ၊ သင်တန်းသားဦးရေ ၈၀ ကျော်အထိ လက်ခံသင်ကြားပေးမည်ဖြစ်ကာ သင်တန်းတက်ရောက်ခွင့်လျှောက်လွှာများ စတင်ထုတ်ပေးမည့်ရက်နှင့်သင်တန်းဖွင့်လှစ်မည့်ရက်တို့ကို နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**လွင်ဟိန်းထက်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ဘုရားရှင်နှင့် သား၊ ငါးပြဿနာ



မောင်ညဏ် (ရုံးချုပ်)

ရှေးရှေးပဝေသဏီကစ၍ ယခုတိုင်ဖြစ်ပွားနေသော အစားအသောက်ပြဿနာတစ်ခုရှိ၏။ ထိုပြဿနာတစ်ခုသည် အမဲ၊ သား၊ ငါးစသောသတ္တဝါတို့၏အသားကို စားသောက်မှီဝဲခြင်းသည် မသန့်ရှင်း၊ အညှီအဟောက်ကို စားသုံးသည်မည်၏။ အသီး၊ အရွက်၊ သစ်ဥတို့ကို သုံးဆောင်မှီဝဲခြင်း အသား၊ အသက်လွတ် (သက်သတ်လွတ်) စားသုံးခြင်းသည်သာ သန့်ရှင်းသော စားသုံးခြင်းမည်၏။ အသက်လွတ်စားသုံးခြင်းသည် ကုသိုလ်အမှု၌လည်းကောင်း၊ အကုသိုလ်၏အကြောင်း အထောက်အပံ့၌လည်းကောင်းဖြစ်၏ဟူသော ပြဿနာပင်ဖြစ်သည်။

ထိုပြဿနာသည် ရောဂါတစ်ခုအသွင်ဖြင့် ရှေးရှေးပဝေသဏီမှစ၍ နှစ်ပရိစ္ဆေဒကြာကာ ယခုအချိန်တိုင် ယဉ်ယဉ်ကလေးနှင့် ကုမရခဲ့သောရောဂါတစ်ရပ်ဖြစ်နေလေပြီ။ အဘယ့်ကြောင့်ဆိုသော် လူအများစုသည် ပြောသံနှင့်ယုံကြည်တတ်ကြခြင်း၊ မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်း အမှား၊ အမှန်မဝေဖန်မပိုင်းခြားကြခြင်း၊ အမှားကိုပင် မှားသည်ဟုသိသော်လည်း အကြောင်းရှာကာ မစွန့်ပစ်ချင်ကြခြင်းတို့ကြောင့်ပင်ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ထိုအစားအသောက်ပြဿနာတို့ကို ရင်ဆိုင်ဖြေရှင်းခဲ့ရဖူးလေသည်။

အခါတစ်ပါး၌ ရာဇဂြိုဟ်ပြည် အဘယမင်းသားမွေးစားသော ဇီဝကသည် မြတ်စွာဘုရားအား အစားအသောက်ပြဿနာတစ်ရပ်ကိုမေးလျှောက်ခဲ့ဖူးသည်။

'အရှင်ဘုရား တပည့်တော်သည် ဤသို့သောစကားကိုကြားခဲ့ရပါသည်။ ရဟန်းဂေါတမကိုရည်ညွှန်း၍ သတ္တဝါကိုသတ်ကြကုန်၏။ မိမိကိုစွဲ၍ပြုရသောထိုအသားကို ရဟန်းဂေါတမသည် သိလျက်သုံးဆောင်စားသောက်၏ဟု ကြားရပါသည်။ အရှင်ဘုရား ဤသို့ပြောဆိုသောသူတို့သည် မြတ်စွာဘုရား၏စကားအရ ပြောဆိုသူများဖြစ်ကြပါ၏လော။ မြတ်စွာဘုရားကို မဟုတ်မမှန်သောအားဖြင့် မစွပ်စွဲဘဲလည်း ရှိကြပါ၏လော။ အမှန်ကို အမှန်အားလျော်စွာ ပြောကြားကြပါကုန်၏လော။ ထိုအကြောင်းသည်မှန်လျှင် သူတစ်ပါးကဲ့ရဲ့စရာအကြောင်းသည် အနည်းငယ်မျှမဖြစ်ပါကုန်၏လော။'

'ဇီဝက၊ ရဟန်းဂေါတမကိုရည်ညွှန်း၍ သတ္တဝါကိုသတ်ကြကုန်၏။ မိမိကိုစွဲ၍ပြုသောထိုအသားကို ရဟန်းဂေါတမသည် သိလျက်သုံးဆောင်စားသောက်၏ဟု ပြောဆိုကြသောသူတို့သည် ငါ၏စကားကိုလိုက်၍ပြောဆိုသူများ မဟုတ်ကြကုန်။ ငါ့ကို မဟုတ်မမှန်သောအားဖြင့် စွပ်စွဲကြကုန်၏။'

'ဇီဝက၊ မမြင်ခြင်း၊ မကြားခြင်း၊ ယုံမှားမရှိခြင်းဟူသော အကြောင်းတို့ဖြင့် အသားကိုသုံးဆောင်ကောင်း၏ဟူ၍ ငါဟောကြား၏။ ဤသာသနာ၌ ရဟန်းသည် အလုံးစုံသောအရပ်၊ အလုံးစုံသောသတ္တဝါတို့ပါရှိသော သတ္တလောကကိုပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြားမရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏။ ထိုရဟန်းကို သူကြွယ်သည်နက်ဖြန်အတွက် ဆွမ်းစားပင့်၏။ ထိုရဟန်းသည် အလိုရှိသည်သာလျှင် လက်ခံ၏။ နံနက်အချိန်ရောက်သော် သင်္ကန်းကိုပြင်ဝတ်လျက် သပိတ်၊ သင်္ကန်းကိုယူ၍ သူကြွယ်၏အိမ်သို့ကြွချီပြီး ခင်းထားသောနေရာ၌ထိုင်၏။ ထိုရဟန်းအား သူကြွယ်သည် မွန်မြတ်သောဆွမ်းဖြင့်လုပ်ကျွေး၏။ ထိုရဟန်း၌ ငါ့အား၊ သူကြွယ်သည်မွန်မြတ်သောဆွမ်းဖြင့် လုပ်ကျွေးပါမူ ကောင်းလေစွဟု ဤသို့သောအကြံသည်မဖြစ်။ ငါ့အား နောင်အခါ၌လည်း ဤသို့မွန်မြတ်သောဆွမ်းဖြင့် လုပ်ကျွေးပါမူ ကောင်းလေစွဟု ဤသို့လည်း ထိုရဟန်း၌အကြံမဖြစ်။

ထိုရဟန်းသည် ဤဆွမ်းကိုမတပ်မက်၊ မတွေဝေ၊ မစွဲလမ်းဘဲ အပြစ်ကိုရှုသည်ဖြစ်၍ လွတ်မြောက်ကြောင်း အဆင်အခြင်ရှိသည်ဖြစ်၍ သုံးဆောင်၏။ ဇီဝက ထိုစကားကို သင်မည်သို့ထင်မှတ်သနည်း။ ထိုရဟန်းသည် ထိုအခါ၌ မိမိဆင်းရဲခြင်းငှာ စေ့ဆော်သလော။ သူတစ်ပါးဆင်းရဲခြင်းငှာ စေ့ဆော်သလော။ မိမိ၊ သူတစ်ပါး နှစ်ဦးလုံးဆင်းရဲခြင်းငှာ စေ့ဆော်သလော။'

'အရှင်ဘုရား မစေ့ဆော်ပါ။'

'ဇီဝက၊ ထိုရဟန်းသည် ထိုအခါ၌ အပြစ်မရှိသည်သာလျှင်ဖြစ်သော အာဟာရကိုသုံးဆောင်သည်မဟုတ်သလော။'

'အရှင်ဘုရား မှန်ပါသည်။'

'ဇီဝက၊ မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏တပည့်သားကိုလည်းကောင်း ရည်ညွှန်း၍ သတ္တဝါကိုသတ်ဖြတ်ညှင်းဆဲသောသူသည် ငါးပါးသောအကြောင်းတို့ဖြင့် များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏။ ထိုသူသည် သွားကြကုန်လော့၊ ဤမည်သောသတ္တဝါကို ဆောင်ယူခဲ့ကြကုန်လော့ဟု ပြောဆိုသော် ရှေးဦးစွာသောအကြောင်းဖြင့် များစွာသောမကောင်းမှုကိုဖြစ်ပွားစေ၏။ ထိုသူသည် အဆောင်ခံရသောသတ္တဝါ၏ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခံစားခြင်းဟူသော နှစ်ခုမြောက်အကြောင်းဖြင့် များစွာသောမကောင်းမှုကိုဖြစ်ပွားစေ၏။ ထိုသူသည် သွားကြကုန်၊ ဤသတ္တဝါကို သတ်ခဲ့ကြကုန်ဟု ဤသို့သော သုံးခုမြောက်အကြောင်းဖြင့် များစွာသောမကောင်းမှုကိုဖြစ်ပွားစေ၏။ ထိုသူသည် အသတ်ခံရသော သတ္တဝါ၏ကိုယ်၊ စိတ်ဆင်းရဲခံစားခြင်းဟူသော လေးခုမြောက်အကြောင်းဖြင့် များစွာသောမကောင်းမှုကိုဖြစ်ပွားစေ၏။ ထိုသူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏တပည့်သားကိုလည်းကောင်း မအပ်သောအသားဖြင့် အရှိန်အစော်မဲ့စေခြင်းဟူသော ဤငါးခုမြောက်အကြောင်းဖြင့် များစွာသောမကောင်းမှုကို ဖြစ်ပွားစေ၏။ ဇီဝက၊ မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သားကိုလည်းကောင်းရည်ညွှန်း၍ သတ္တဝါကိုသတ်ဖြတ်ညှင်းဆဲသောသူသည် ဤငါးပါးသောအကြောင်းဖြင့် များစွာသောမကောင်းမှုကိုဖြစ်ပွားစေ၏။' ဤသုတ္တန်သည် အလျှုဒါနပြုကြကုန်သောကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များအတွက် သတိပြုသင့်သော သုတ္တန်တစ်ခုဖြစ်သည်။

တဖန် အာမဂန္ဓသုတ်ကိုလည်း သတိပြုသင့်သည်။ အာမဂန္ဓရသေ့သည် မြတ်စွာဘုရားအား-

'ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ အရှင်ဘုရားသည် စိမ်းစော်၊ ညှီစော်နံသော အညှီအဟောက်တို့ကို စားသုံးပါ၏လော။'

'ရသေ့၊ အညှီအဟောက်သည် အဘယ်နည်း။'

'အရှင်ဘုရား အမဲ၊ သား၊ ငါးတို့သည် အညှီအဟောက်ပင်တည်း။'

'ရသေ့ အမဲ၊ သား၊ ငါးတို့သည် အညှီအဟောက်စင်စစ်မဟုတ်သေး။ ဒုစရိုက်ဓမ္မ၊ ကာမဘိနန္ဒ အစရှိသောကိလေသာတို့သာလျှင် ဤလူ့ရွာ၌ လွန်စွာညှီစော်နံသော အညှီအဟောက်မည်၏။ အချင်းရသေ့၊ အသင်သာလျှင် အညှီအဟောက်ကို လျှောက်သည်မဟုတ်။ ရှေးအခါက တိဿမည်သောရသေ့သည်လည်း ကဿပမြတ်စွာဘုရားအား ဤအညှီအဟောက်ပြဿနာကိုမေးလျှောက်၍ ဘုရားသခင်ဖြေတော်မူရဖူးသည်။ သင်သိလိုသော် ကောင်းစွာနာလော့။'

အခါတစ်ပါး၌ တိဿမည်သောရသေ့သည် ကဿပမြတ်စွာဘုရားအား ဖူးတွေ့သောအခါ-

'အရှင်ဘုရား အညှီအဟောက်တို့ကို စားသုံးပါသလော။'

'တိဿ၊ အညှီအဟောက်တို့သည် ငါတို့နှင့်မအပ်စပ်' ဟု ကဿပမြတ်စွာဘုရားက ဖြေကြားတော်မူခဲ့သည်။

တစ်နေ့၌ ကဿပဘုရားသည် သူကြွယ်တစ်ဦးကပ်လှူသော ငှက်သားနှင့်တကွ သလေးထမင်းဆွမ်းအား သုံးဆောင်တော်မူသည်ကို တိဿရသေ့တွေ့မြင်သောအခါ ကဿပဘုရားထံချဉ်းကပ်၍-

'အရှင်ဘုရား၊ အညှီအဟောက်သည် ငါ့အားမအပ်ဟု အရှင်ဘုရားဆိုခဲ့၏။ သို့ပါလျက် ကောင်းစွာစီရင်ထားသည့် ငှက်သားနှင့်တကွ သလေးထမင်းကိုစားဘိ၏။ မွန်မြတ်သောငါး၊ အမဲဟင်းလျာကိုလည်းစား၊ သလေးထမင်းကိုလည်းစားသောသင်သည် အညှီအဟောက်ကိုစားသည်မည်၏။ အရှင်ဘုရားအား မေးပါမည်။ အရှင်ဘုရားပြောသော အညှီအဟောက်သည်ကား အဘယ်နည်း။'

'တိဿရသေ့၊ သူ့အသက်ကိုသတ်ခြင်း၊ နှိပ်စက်ညှင်းဆဲခြင်း၊ လက်၊ ခြေစသည်တို့ကိုဖြတ်ခြင်း၊ ခိုးယူခြင်း၊ စဉ်းလဲခြင်း၊ လှည့်ပတ်ခြင်း၊ အကျိုးမရှိသော ကျမ်းဂန်တို့ကိုသင်ယူခြင်း၊ သူတစ်ပါးမယားကို ပေါင်းဖော်မှီဝဲခြင်း ဤကားအညှီအဟောက်တည်း။ အသားတည်းဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။'

'ဤလောက၌ အကြင်သူတို့သည် ကာမတို့၌မစောင့်စည်းကုန်။ ရသာရုံသို့၌ မက်မောကုန်၏။ မစင်ကြယ်သော မိစ္ဆာဇီဝအဖြစ်ကိုမှီဝဲကုန်၏။ နတ္ထိကဝါဒ အယူရှိကုန်၏။ မညီညွတ်သော ကာယကံအမှုစသည်နှင့် ပြည့်စုံ၏။ သိနိုင်ခဲကုန်၏။ ထိုသူတို့သည် ဤကာမတို့၌ မစောင့်စည်းမှုစသည်ပင် အညှီအဟောက်တည်း။ အသားတည်းဟူသောဘောဇဉ်သည် အညှီအဟောက်မဟုတ်။'

'အကြင်သူတို့သည် ခေါင်းပါးသောအတ္တကိလမထ အကျင့်ရှိကုန်၏။ ကြမ်းတမ်းကုန်၏။ သူတစ်ပါး၏ကျောကုန်းသားကို စားသကဲ့သို့ ရှေ့တွင်ချီးမွမ်း၍ မျက်ကွယ်၌ကဲ့ရဲ့ကုန်၏။ အဆွေခင်ပွန်းတို့ကို ပြစ်မှားကုန်၏။ သနားခြင်းကင်းကုန်၏။ အလွန်မန်မူကုန်၏။ မပေးတတ်သောအလေ့ရှိကုန်၏။ ထိုသူတို့၏ ဤအတ္တကိလမထသည်ပင် အညှီအဟောက်တည်း။ အသားတည်းဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။'

'ဤလောက၌ အကြင်လူယုတ်မာတို့သည် မကောင်းသောအလေ့ရှိကုန်၏။ ကြွေးမြီကိုယူ၍ မပေးဆပ်၊ ဖျက်ဆီးသည့်အပြင် ကုန်းချောကုန်၏။ ဤလောက၌ တံစိုးစားကာ ကောက်ကျစ်စဉ်းလဲသဖြင့် တရားစီရင်တတ်ကုန်၏။ သီလရှိယောင်အတုဆောင်တတ်ကုန်၏။ အမိအဖတို့၌ ကြမ်းသောအမှုကိုပြုကုန်၏။ ထိုသူတို့၏မကောင်းသော အလေ့သည်ပင် အညှီအဟောက်တည်း။ အသားတည်းဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။'

'အကြင်သူတို့သည် သတ္တဝါတို့၌ မက်မောကုန်၏။ မုန်းတီးဆန့်ကျင်ကုန်၏။ ပြစ်မှားကျူးလွန်ခြင်းသို့ လျင်စွာကျရောက်တတ်ကုန်၏။ အကုသိုလ်ပြုရန် အမြဲမပြတ် လုံ့လပြုကုန်သည်ဖြစ်၍ တမလွန်ဘဝ၌ အမိုက်သို့သွားကုန်၏။ ငရဲ၌ ဦးခေါင်းစောက်ထိုးကျကုန်၏။ ဤမောက်မာမှုစသည်ပင် အညှီအ

စာမျက်နှာ ၁၇ သို့-

# သရေခေတ္တရာပျူမြို့ဟောင်းမှဘုရားများ မူလပုံစံမပျက်ပြုပြင်ထိန်းသိမ်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့အနီးတွင်တည်ရှိသည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော သရေခေတ္တရာပျူမြို့ဟောင်းရှိ ဘောဘောကြီးစေတီနှင့် မသီးကျကုန်းတို့ကို ယခုဘဏ္ဍာနှစ်မှစပြီး မူလပုံစံမပျက်ပြုပြင်ထိန်းသိမ်းနေကြောင်းကို ရှေးဟောင်းသုတေသနဌာနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ကမ္ဘာ့အမွေအနှစ်ဌာနခွဲ) သရေခေတ္တရာဌာနစု ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောကြားသည်။

ယင်းတို့အား ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပြန်လည်ပြုပြင်ရာ၌ ဘိလပ်မြေများကို အသုံးပြုထား၍ အဆိုပါအင်္ဂတေများကို ပြန်ခွာထုတ်ပြီး ရှေးမူလက်ရာနှင့်အနီးစပ်ဆုံးဖြစ်သော မူလပုံစံအတိုင်း မြေနီသရွတ်ကို ပြန်လည်အသုံးပြုပြင်ဆင်နေသည်ဟုသိရသည်။



**သန်းဝင်းအောင်**

ယခင်က ဘိလပ်မြေသုံးပြင်ဆင်ရာတွင် ရှေးဟောင်းအုတ်များ ပျက်စီးသဖြင့် ပျက်စီးမှုမရှိအောင် ထုံးနှင့်မြေနီကို အသုံးပြုလိုသော်လည်း မြေနီမရသဖြင့် အုတ်နီမှုန့်ကို အသုံးပြုမည်ဖြစ်ကာ ဥသျှစ်ရည်၊ တင်လဲရည်နှင့် အရောင်နှင့်စေးကပ်မှုအတွက် ဘိလပ်မြေအစား ရှားစေးတို့ကိုအချိုးကျရောစပ်ကာ အသုံးပြုပြင်ဆင်နေသည်ဟု ဦးကျော်မျိုးဝင်းကပင်ပြောသည်။

လက်ရှိပြင်ဆင်နေမှုသည် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့်လာမည့်ဘဏ္ဍာနှစ်များတွင် တူးဖော်ခြင်းလုပ်ငန်းထက် ပြုပြင်ထိန်းသိမ်းရေးကို အဓိကထား၍ နှစ် ၂၀၀၀ ကျော်ရှိထားသည့် ရှေးမူလက်ရာများ အစွန်းအထင်းမရှိ လုပ်ဆောင်သွားမည်ဟု သိရသည်။

သရေခေတ္တရာရှေးဟောင်းဇုန်အတွင်း တူးဖော်ပြီးကုန်းပေါင်း ၆၅ ကုန်း၊ ဘုရားငါးဆူ၊ စေတီကြီးသုံးဆူတို့အား ရှေးဟောင်းသုတေသနဦးစီးဌာနကပင် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါသရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့၏ တောင်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပြီး အေဒီ ၄ ရာစုမှ အေဒီ ၉ ရာစုအတွင်း ထွန်းကားခဲ့သော ရှေးပျူမြို့ဟောင်းတစ်မြို့ဖြစ်ကာ မြို့ရိုး၊ ကျုံး၊ နန်းတော်ရာ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဒင်္ဂါးများ၊ ဆင်းတုတော်များ၊ ပျူကချေသည်အရုပ်များနှင့်ရွှေပေလွှာများကို တွေ့ရှိခဲ့ကြောင်း၊ မြို့ရိုးပတ်ပတ်လည်မှာ ၈ မိုင် ၅ ဖာလုံရှည်လျားပြီး ဧရိယာအားဖြင့် ၅. ၅ စတုရန်းမိုင် ကျယ်ဝန်းကြောင်းကို ယင်းဌာနမှ သိရသည်။

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် မျက်စိအခမဲ့ခွဲစိတ်ပေးမည်

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် ၂၀၁၃ ခုနှစ်မှစ၍ မျက်စိအတွင်းတိမ်လူနာ၊ သံဃာတော်၊ သီလရှင်များနှင့်လူပုဂ္ဂိုလ်များအား (Myanmar Eye Care Program) အစီအစဉ်အရ ဩစတြေးလျနိုင်ငံ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် စေတနာဆရာဝန်ကြီးများက အခမဲ့ကုသပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်တွင် မျက်စိဝေဒနာရှင် ၅,၀၀၀၊ ၂၀၁၄ ခုနှစ်တွင် ဝေဒနာရှင် ၃,၅၀၀ နှင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တစ်နှစ်လျှင် လူနာ ၃,၀၀၀ စီ စုစုပေါင်း မျက်စိလူနာ ၁၇,၅၀၀ တို့အား ခွဲစိတ်ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၈ ခုနှစ်တွင်လည်း မျက်စိအတွင်းတိမ်လူနာသံဃာတော်၊ သီလရှင်များနှင့် လူပုဂ္ဂိုလ် ၃,၀၀၀ တို့ကို အခမဲ့ဆက်လက်ခွဲစိတ်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။

မျက်စိစမ်းသပ်မှုများကို အပတ်စဉ်တနင်္လာနေ့မှ စနေနေ့အထိ တစ်ပတ်လျှင်ခြောက်ရက် ဆောင်ရွက်လျက်ရှိပြီး မျက်စိခွဲစိတ်မှုများကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့်စနေနေ့များတွင် ဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုလာရောက်ပြသနိုင်ကြောင်း သိရသည်။

**သိန်းနွယ်လေး**

**စာမျက်နှာ ၁၆ မှ-**

ဟောက်မည်၏။ အသားတည်းဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်။'

'ငါး၊ အမဲတို့ကိုမစားသောအဖြစ်သည်လည်းကောင်း၊ အဝတ်မဝတ်ခြင်းသည်လည်းကောင်း၊ ဦးပြည်းခြင်းသည်လည်းကောင်း၊ ဆံကျစ်မြူမှုန်အညစ်အကြေးသည်လည်းကောင်း၊ ရသေ့ပရိက္ခရာသည်လည်းကောင်း၊ မီးကိုပူဇော်ခြင်း၊ မီးကိုလုပ်ကျွေးခြင်းသည်လည်းကောင်း၊ ယုံမှားခြင်းမှမကူးမြောက်သေးသောသတ္တဝါတို့ကို မစင်ကြယ်စေနိုင်ကုန်။ လောက၌ အကြင်သို့သဘောရှိကုန်သော မသေရန်တောင့်တလျက် ကိုယ်ကိုများစွာပူပန်စေတတ်သော အကျင့်တို့သည်လည်းကောင်း၊ ယစ်ပူဇော်ခြင်းသည်လည်းကောင်း၊ နွေဥတု၌အပူခံခြင်းစသော ဥတုကိုမှီဝဲခြင်းတို့သည်လည်းကောင်း၊ ယုံမှားခြင်းမှ မကူးမြောက်သေးသောသတ္တဝါကို မစင်ကြယ်စေနိုင်ကုန်။'

'အကြင်သူသည် ဣန္ဒြေခြောက်ပါးတို့ကိုလုံခြုံသည်ဖြစ်၍ သစ္စာလေးပါးတရား၌တည်၏။ ဖြောင့်မတ်နူးညံ့သောသူ၏အဖြစ်ကို မွေ့လျော်၏။ ရာဂစသော ကပ်ငြိခြင်းကိုလွန်မြောက်၏။ ဆင်းရဲအားလုံးကိုပယ်၏။ ခိုင်မြဲသောပညာနှင့်ပြည့်စုံသည်ဖြစ်၍ မြင်အပ်၊ ကြားအပ်သောအာရုံတို့၌ ကိလေသာတို့ဖြင့် မလိမ်းကျံတော့ပေ။'

ထိုသို့ ကဿပဘုရားရှင်ဟောကြားတော်မူသောအခါ တိဿရသေ့သည်လည်း အညှီအဟောက်ကင်းသော ဝဋ်ဆင်းရဲအားလုံးကို ပယ်ဖျောက်နိုင်သောတရားတော်ကို ကြားနာရ၍ နှိမ့်ချသောစိတ်ရှိလျက် မြတ်စွာဘုရားအား ရှိခိုးကာ ရဟန်းအဖြစ်ကို ကြားလျှောက်လေတော့သည်။

ဤသုတ္တန်တို့ကိုကိုးကားကာ နှစ်ပေါင်းရှည်ကြာခဲ့သော ဤနာတာရှည်အစားအသောက်ပြဿနာအား ယုံမှားမရှိသိရှိကြစေရန် တင်ပြလိုက်ပေတော့သတည်း။

ကျမ်းကိုး - ဇီဝကသုတ်
အာမဂန္ဓသုတ်





ကြေးပိဋကတ်တိုက် ဓမ္မစေတီတော်အုတ်မြစ်ချ မင်္ဂလာ

ကြေးပိဋကတ်ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်ပြီးအလှူရှင် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ကြေးပိဋကတ်တော်များ ထည့်သွင်း ကိုးကွယ် ထားရှိမည့် ကြေးပိဋကတ်တိုက် ဓမ္မစေတီ တည်ထားရန် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို နိုဝင်ဘာလ ၂၆ ရက်တနင်္ဂနွေနေ့ နံနက် ၉နာရီခွဲက ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်းရှေ့ ကြေးပိဋကတ်ဓမ္မစေတီ တည်ထားမည့်မြေနေရာ၌ ဆရာတော်သံဃာတော်များ၊ တည်ဆောက်ရေး ကော်မတီဝင်များ၊အလှူရှင်၊ အလှူ့အမများ၊ ငါးပါးသီလတည်ဆောက်၊ ပရိတ်တရားတော်များ ရွတ်ဖတ်၊ မင်္ဂလာရွှေအုတ်ငွေအုတ်များ ချပြီး အုတ်မြစ်ချ အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ပါသည်။ ယခုအခါ ဆောက်လုပ်ရေး လုပ်ငန်းများကို လူအင်အား၊ စက်အင်အားများပြားစွာဖြင့် နေ့ဆိုင်းညဆိုင်း ပျားပန်းခတ်မျှဖြင့် ကြေးပိဋကတ်တိုက်ကြီး အမြန်ပြီးစီးအောင် ဆောင်ရွက်လျှက် ရှိပါကြောင်း အလှူရှင် ဒါယကာ၊ ဒါယိကာမများ ကြည်ညိုသဒ္ဓါပွားများပါစေရန် တင်ပြအပ်ပါသည်။

- ဆက်သွယ်လှူဒါန်းရန်ဌာန -
မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ
ရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊
(ရွှေဂောင်း ပေါ့ဗော်ရှေ)၊
ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

# မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲ ကျင်းပပြုလုပ်မည်

မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံးမှကြီးမှူး၍ သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲကို 'စိတ်ကြိုက်ပြိုင်ပွဲ' နှင့် 'မော်ဒန်ပြိုင်ပွဲ' ခေါင်းစဉ်နှစ်မျိုးထားပြီး မိမိစိတ်တိုင်းကျရာ ခေါင်းစဉ်ရွေးယူသည်ဖြစ်စေ၊ ခေါင်းစဉ်နှစ်မျိုးဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်းသိရှိရသည်။

ပန်းပုဆရာများ ပန်းပုထုလုပ်ချိန်ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့အထိ အချိန်ကာလပေးထားပြီး ပြိုင်ပွဲဝင်ပန်းပုရုပ်ထုများကို ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ပိုင်း၌ စိစစ်အကဲဖြတ်သွားမည်ဖြစ်ကာ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီလကုန်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို နိုဝင်ဘာလ ၃၁ ရက်မှစတင်ပြီး ရန်ကုန်မြို့ရှိ ဆရာစံပလာဇာနှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံးတွင်ထုတ်ယူနိုင်ပြီး ဆုကြေးငွေများ အနေဖြင့် ပထမဆုငွေကျပ် ၇၅ သိန်း၊ ဒုတိယဆု ကျပ်သိန်း ၅၀၊ တတိယဆု ကျပ်သိန်း ၃၀၊ အထူးဆု ကျပ်သိန်း ၁၀ ပြင် ရွှေတံဆိပ်ဆုများကိုလည်း ချီးမြှင့်ပေးအပ်သွားမည်ဟု သတင်းရရှိသည်။

**လွင်ဟိန်းထက်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# တာဝန်ကျေချင်ပါသည်



ဝိရောဓိတို့၏ ညီညွတ်ခြင်းစာမူအားရေးသားခဲ့ပြီး လုပ်ဖော်ကိုင်ဖက်များအကြောင်း ရေးသားလိုသော်လည်း အချိန်မရသောကြောင့်လည်းကောင်း၊ စာရေးရန်ခွန်အားတစ်ရပ်လိုအပ်နေသကဲ့သို့ ခံစားနေရသောကြောင့်လည်းကောင်း စာရေးသားခြင်းနှင့်အချိန်အတော်ကြာ အဆက်ပြတ်နေခဲ့သည်။ ထို့ကြောင့် တာဝန်မကျေသကဲ့သို့ ခံစားမိရပါသည်။ အတူလက်တွဲခဲ့သည့် လုပ်ဖော်ကိုင်ဖက်များနှင့်တကွ ကျေးဇူးပြုခဲ့ဖူးသူများအပေါ် တာဝန်ကျေချင်သောကြောင့် ယခုထပ်မံရေးသားရခြင်းဖြစ်ပါသည်။

ယခင်ကတော့ လူငယ်ပီပီမြောက်များလှစွာသော ဝန်ထမ်းများထဲမှ စပ်စပ်စုစု၊ စွန့်စွန့်စားစား၊ ရှာရှာဖွေဖွေလုပ်နိုင်ခဲ့သည်ကို မိမိ၏အောင်မြင်မှုဟုသာ ထင်ခဲ့ပါသည်။ သို့သော် မိမိစခဲ့သည့်အလုပ်အောင်မြင်စေရန် ပံ့ပိုးကူညီသူများ၏ကျေးဇူးကို နေရာဒေသဌာနတွေ အဆင့်ဆင့်ပြောင်းကာခွဲခွာရပါမှ သိမြင်လာခဲ့ရပါသည်။ မိမိလေ့လာစူးစမ်းသည်ကို ဌာနမခွဲခြားဘဲ တာဝန်ခံပြုပြင်ခွင့်ပြုခဲ့သည့် စီမံရေးဌာနမှူး၊ စက်များ၏တာဝန်ခံ Machine ရုံ ဌာနမှူး၊ စက်များ၏ အခြေအနေကို ခရေစေ့တွင်းကျပြောပြနိုင်ကြသည့် စက်ကိုင်ဝန်ထမ်း Operator များ၊ ကွန်ပျူတာဌာန တာဝန်ခံ၊ ဌာနမှပေါင်းစပ်လုပ်ကိုင်ကြသည့် စုမှူး၊ စိတ်မှူး မောင်ငယ်၊ ညီမငယ်များ စသဖြင့် အကြောင်းအခွင့်အလုံးစုံတိုက်ဆိုင်ကာ အောင်မြင်မှုရခဲ့ခြင်းဖြစ်ပါသည်။ မိမိအား စေတနာကောင်းဖြင့် ကူညီခဲ့၊ လုပ်ကိုင်ခွင့်ပြုခဲ့သူများသည် အောင်မြင်မှုကို ပဏာယူတတ်သူများမဟုတ်သည့်အလျောက် မည်သူမျှမသိခဲ့ကြပါ။ ထိုသူများသည် တကယ့်ကို Dutyful employee များဖြစ်ကြပါသည်။

ထိုအချိန်က စာရေးသူတို့တက်လူ လုပ်ဖော်ကိုင်ဖက်အချင်းချင်း တော့စည်းလုံးညီညွတ်စွာ အသိပညာပင်လယ်ပြင်ကြီးတွင် လက်တွဲညီညီကူးခတ်ခဲ့ကြသည်။ ဦးနှောက်ချင်း Network ချိတ်ခဲ့ကြသည်။ ထိုအထဲတွင် ရုံးချုပ်မှစက်ပြင်လာတတ်သော ကျောင်းဆင်းဖက် သူငယ်ချင်းတစ်ဦးလည်းပါဝင်သည်။ မှတ်မှတ်ရရ Plano Milling ၏ အရှည်ဆုံး Y-axis Servo ပျက်စဉ်ကဖြစ်သည်။ ဌာနမှူးနှင့် သာကြောင်းမာကြောင်းနှုတ်ဆက်အပြီး သူက စာရေးသူအား တာဝန်တစ်ခုပေးသည်။ Servo Motor Drive ၏ Circuit Drawing အား Internet တွင်ရှာရန်ဖြစ်သည်။ စာရေးသူလည်း ပုံမှန်စာဝင်စာထွက်၊ တန်းစီဇယားကိစ္စများ အလုပ်ရှုပ်နေချိန်ဖြစ်၍ B.E နှင့် B.Tech ညီမလေးနှစ်ဦးအား Internet ခန်းသို့ခေါ်ကာ လိုချင်သည့်အချက်အလက်များပြောပြပြီး ရှာဖွေခိုင်းရသည်။ မိမိကိုယ်ပွားကဲ့သို့ အားကိုးရသူများပါပေ။ အချိန်အနည်းငယ်ကြာပြီးနောက် အဖြေရပြီဖြစ်၍ လာကြည့်ရန်ခေါ်သည်။ လိုအပ်ချက်နှင့်ကိုက်ညီသည့်အတွက် သူငယ်ချင်းအား ခေါ်ပြရာ Servo Motor Drive ၏ရှုပ်ထွေးလှသော Circuit Drawing ထဲမှ 'Resistor' တစ်လုံးကိုထောက်ပြရင်း ငါလိုချင်တာဒါပဲဟု သူကပြောသည်။

ထို့နောက် သူကိုယ်တိုင် Resistor တန်ဖိုးတွက်ချက်ပြီး Ohm ပိုမြင့်သော Resistor ကိုတောင်းသည်။ လမ်းပန်းခက်ခဲသောဒေသဖြစ်၍ အလွယ်တကူဝယ်မရနိုင်သော်လည်း စာရေးသူတို့စုဆောင်းထားသည့် Circuit ကတ်ဟောင်း Component များမှ စိတ်ကြိုက် Resistor တစ်ခုကို သူရွေးချယ်သည်။ Servo Motor Drive မှ Thermal Resistant Component အား ကိုယ်တိုင်ခဲဆော်၍ လဲလှယ်သွားသည်။ ထို့နောက် Machine ရုံသို့သွားကာ ဖြုတ်ယူထားသော Servo Motor အား ပြန်လည်တပ်ဆင်ကြသည်။ အားလုံးပြန်လည်တပ်ဆင်ပြီး စမ်းသပ်သောအခါ ပုံမှန်စက်လည်ပတ်အလုပ်လုပ်သည်ကို တွေ့မြင်ရသည်။ ဤ Plano Milling မှာ DRO (Digital Readout) နှင့်တွဲသည့်စက်ဖြစ်ပြီး Servo Motor Drive မှာ တရုတ် Yeli စက်အမျိုးအစားဖြစ်သည်။ ဆောင်းရာသီတွင် ပုံမှန်အလုပ်လုပ်ပြီး ရာသီဥတုပူပြင်းချိန်တွင် ရပ်သွားသောကြောင့် စက်ကိုမကြာခဏနားပြီး မောင်းနေရသည်။ ထိုသူငယ်ချင်းလာပြုပြင်ပေးသွားသည့်နောက် စက်ချို့ယွင်းမှုမရှိတော့ဘဲ ပုံမှန်မောင်းနှင်စက်စားနေသည်ကို တွေ့ရသည်။

ထိုအချိန်စာရေးသူသည် Mould Die ရုံရှိ Semi CNC Lathe ၏ Monitor ပျက်နေသည်ကို ပြုပြင်နေချိန်ဖြစ်သည်။ စာရေးသူတို့စက်ရုံမှထုတ်သည့် Semi CNC Lathe DL 660 နှင့် Mould & Die ရုံရှိ DL 660 တို့မှာ စက်အမျိုးအစားတူသော်လည်း Control Unit မတူကြပါ။ Mould & Dieရုံရှိ စက်မှာ FANUC Control ဖြစ်ပြီး စက်ရုံမှထုတ်သည့်စက်မှာ LNC Control ဖြစ်သည်။ ၎င်းစက်နှစ်မျိုးလုံးတွင် ကွန်ပျူတာကဲ့သို့ System Software နှင့် Application Software နှစ်မျိုးပါရှိသည်။ ပျက်နေသည့်စက်ကိုပြုပြင်နေရင်း FANUC Series ဖြစ်သောစက်အဟောင်း၏ အားနည်းချက်ကို သိရှိခဲ့ရသည်။ FANUC Screen Pannel ၏နောက်တွင် Storage Battery တုံးလေးတစ်ခုပါရှိသည်။ ၎င်း Battery အားကုန်လျှင် (သို့) Circuit နှင့်မိနစ်ပိုင်း မျှလွတ်နေလျှင် ကွန်ပျူတာများ Jumper ချိုးသကဲ့သို့ Software ပျောက်သွားခြင်းဖြစ်သည်။ ထိုအခါ Antenna လိုင်းမမိသော TV ကဲ့သို့ မီးခိုးရောင် Screen မှလွဲ၍ မမြင်ရတော့ပေ။

ထို FANUC စက်အား မူလကဲ့သို့ ပြန်လည်အလုပ်လုပ်စေရန်အချိန်အတော်ကြာကြိုးစားခဲ့ရသည်။ စာရေးသူမူလသိရှိခဲ့သော SD Card ဖြင့် System Software သွင်းခြင်းသာမက Application Software သွင်းခြင်းကိုပါ ပြုလုပ်ခဲ့ရသည်။ Manual များ အချိန်ယူရှာဖွေဖတ်ရှုရသကဲ့သို့ လိုအပ်သော CD များ၊ Software များလည်း ရှာဖွေခဲ့ရသည်။ အဓိကကူညီသူများမှာ ကွန်ပျူတာဌာနမှူး၊ စီမံကိန်း Design ဌာနမှူးနှင့်ထုတ်လုပ်ရေးဌာနမှူးတို့ဖြစ်ကြသည်။ နောက်ဆုံးတွင် မတုန်မလှုပ် မီးနီပြနေသောစက်ကြီးလည်း မီးစိမ်းလင်းကာ ပြန်လည်လည်ပတ်နိုင်ခဲ့ပါတော့သည်။

Plano Milling ကဲ့သို့ပင် DRO (Digital Read Out) ဖြင့် အလုပ်လုပ်သော အခြားစက်တစ်မျိုးမှာ JYVH Milling ဖြစ်သည်။ JYVH 650 စက်၏ DRO အလုပ်မလုပ်သဖြင့် စက်ရုံမှူးက အသစ်ဝယ်ရန်ပြင်ဆင်သည်။ စက်ပြင်အဖွဲ့နှင့်ပူးပေါင်း၍ အသစ်ဝယ်နိုင်ရေး သွားရောက်လေ့လာစဉ် Operator လေးမှ တစ်ခါတစ်ရံ စက်ကပုံမှန်အလုပ်လုပ်ကြောင်း၊ ပျက်တာမဟုတ် ချို့ယွင်းမှုတစ်ခုခုကြောင့်သာဖြစ်နိုင်ကြောင်း သူ့ထင်မြင်ချက်ကို ပြောလာပါသည်။ သို့ဖြစ်၍ စာရေးသူလည်း သေချာစွာလေ့လာစစ်ဆေးပြီး DRO ၏အဝင်ကြိုးအား Laptop Adaptor နှင့်ချိတ်ပေးခဲ့ရာ ကောင်းမွန်စွာအလုပ်လုပ်သည်ကို တွေ့ရပါတော့သည်။ DRO တစ်ခုလုံးပျက်ခြင်းမဟုတ်ဘဲ Power Supply Unit ချို့ယွင်းခြင်းမျှသာဖြစ်ရာ Ampere, Power တူသည့် Laptop Adaptor နှင့်အဆင်ပြေသွားခြင်းဖြစ်ပါသည်။

Assembly Shop ရှိ CNC စက်များတပ်ဆင်ရာတွင် PLC Software ဖြစ်သည့် 'MLC', Servo Motor Drive ၏ Software ဖြစ်သည့် 'Yasakawa' နှင့် Semi CNC စက်တွင် Spindle Motor Drive ဖြစ်သည့် 'Delta' Software တို့အား ကွန်ပျူတာဖြင့် Installation လုပ်ကြရသည်။ ဤသို့ Installation ပြုလုပ်ပုံ CD များအား Print ထုတ်၍ စာရွက်စာတမ်းအပြည့်အစုံ မှတ်တမ်းပြုခဲ့သည်။ ယခင်ဌာနမှူး၏ကျေးဇူးကြောင့် စာရေးသူတို့နောက်လူအဆင့်ဆင့် ပညာလက်ဆင့်ကမ်းနိုင်ခဲ့သည်။ စာရေးသူထုတ်လုပ်ရေး Assembly Shop သို့ ဌာနကူးပြောင်းရောက်ရှိချိန်တွင် အဆိုပါဌာမှူးလည်း နေပြည်တော်သို့ ပြောင်းရွှေ့သွားခဲ့သည်။ သူနှင့်လက်တွေ့မသင်ကြားလိုက်ရသော်လည်း မှတ်တမ်းမှတ်ရာပြည့်စုံစွာ ပြုစုထားသည့်အတွက် Software Installation ကို လွယ်ကူစွာဆောင်ရွက်နိုင်ခဲ့သည်။ Delta Software ၏ Parameter ကွဲလွဲခြင်း စသည့်အခက်အခဲအနည်းငယ်မျှသာရှိသော်လည်း စာရေးသူတို့ကြိုးစားမှုဖြင့် ကျော်ဖြတ်နိုင်ခဲ့ပါသည်။

နိုင်ငံခြားမှရောက်ရှိလာသည့် စက်များ၏အစိတ်အပိုင်းများ တပ်ဆင်ရာတွင် ရောက်ရှိလာသည့်ပစ္စည်းအချို့၏လိုအပ်မှု၊ မပြည့်စုံမှုများကို မိမိတို့၏လေ့လာစူးစမ်းမှု၊ ကြိုးစားအားထုတ်မှုတို့ဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ Semi CNC ၏မူလတရုတ် Software ၏ maximum rpm မှာနည်းနေသည့်အတွက် sepcification နှင့်ကိုက်ညီသည့် rpm အမှန်ဖြစ်စေရန် Software Folder များ

စာမျက်နှာ ၁၉ သို့-

စာမျက်နှာ ၁၈ မှ-

တွင်ရှာဖွေကာ ထည့်သွင်းပေးနိုင်ခဲ့သည်။ Plano Milling အတွက် ရောက်ရှိပေးပို့လာသော DRO သုံး Auxiliary Cable တွင် data ကြိုးအရေအတွက်မပြည့်စုံဘဲ လိုအပ်နေမှုကြောင့် စက်တပ်ဆင်မှု အချိန်မီအပြီးမသတ်နိုင်ခြင်းအားလည်း Ethernet Cable ဖြင့် အောင်မြင်စွာ အစားထိုးဖြေရှင်းပေးနိုင်ခဲ့သည်။

စက်တစ်လုံးတပ်ဆင်ရာတွင် အခြေခံအားဖြင့် Mechanical Assembly, Electrical Assembly နှင့်နောက်ဆုံး Software Installation ပြီးမြောက်ပါက Test Run အနေဖြင့် Free Load/ Loading နှစ်မျိုးလုံးဖြင့် စက်စားနိုင်သည်အထိ အပြည့်အစုံစမ်းသပ်နိုင်မှ အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ စာရေးသူက Software Assembly အဆင့်တွင် အခက်အခဲများကိုအောင်မြင်စွာ ဖြေရှင်းနိုင်သည်မှာ အခြေခံဖြစ်သည့် Mechanical, Electrical Assembly သမားတို့မှ မိမိတာဝန်ကျေပွန်စွာဖြင့် ပြည့်စုံအောင်မြင်စွာ တပ်ဆင်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ ၎င်းအခြေခံအဆင့်များမှာ မိမိလူရင်းများဖြစ်၍ စိတ်ချရသည့်အားလျော်စွာ စာရေးသူအနေဖြင့် ဖြစ်ပေါ်လာသောပြဿနာတို့ကို မှန်ကန်စွာအာရုံစူးစိုက်အဖြေရှာနိုင်ခဲ့သည်။ သူတို့သာ ချို့ယွင်းလွဲချော်ခဲ့လျှင် စာရေးသူ၏ Fault Finding မှာလည်း ရေလိုက်လွဲပြီး မှားယွင်းဆုံးရှုံးမှုများကြုံတွေ့ရပေမည်။ ဤကဲ့သို့ တစ်ကြိမ်မျှမကြုံခဲ့ခြင်းမှာ သူတို့၏တာဝန်ကျေပွန်မှုကြောင့်ဖြစ်သည်။ စက်၏အလုပ်လုပ်ပုံ၊ Mechanical, Electrical နှင့် Operation ပိုင်းတို့တွင် စာရေးသူဆွေးနွေးမေးမြန်းကြည့်တိုင်း ကျွမ်းကျင်ပိုင်နိုင်မှန်ကန်တိကျစွာ ဖြေဆိုပေးနိုင်ကြသည်။

တစ်ချိန်က Sheet Metal & Welding အလုပ်ရုံရှိ CNC Plasma Cutting Machine တွင် Monitor Screen မှိန်ဖျော့လာရာမှ မမြင်ရတော့၍ Circuit Battery လဲလိုက်ရသည်။ ဓာတ်ခဲအသစ်လဲပြီးသောအခါ Operator နှင့်စက်ပြင်အဖွဲ့တို့ စာရေးသူကို လာခေါ်ကြပြန်ပါသည်။ စက်ပြန်ဖွင့်ချိန်တွင် တက်လာသည့် Screen မှ တရုတ်စာများကြောင့်ဖြစ်သည်။ Chinese Version ပြောင်းသွားသောကြောင့် စက်ထုတ်လုပ်ရာကုမ္ပဏီ၏ Website အား Internet မှရှာဖွေခဲ့ရသည်။ ၎င်းမှ English Version ပြောင်းသည့် Manual အား Download ရယူ Print ထုတ်၍ စက်ပြင်အဖွဲ့အားပေးအပ်ခဲ့ပြီး ၎င်းတို့ရှေ့တွင်ပင် ခလုတ်များနှိပ်၍ အဆင့်ဆင့်ပြောင်းလဲယူခဲ့ရာ မူလ English Version အား ပြန်လည်ရရှိခဲ့ပါသည်။

ထုတ်လုပ်ရေးဌာနကြီးတစ်ခုဖြစ်သည့် Foundry အလုပ်ရုံသည်လည်း နည်းပညာတိုးတက်မှုတွင် နောက်ကျန်မနေခဲ့ပါ။ ထုတ်လုပ်မှုအတွက် လိုအပ်သမျှပုံစံတို့အား Patern လုပ် Mould လောင်းကာ ဖန်တီးပေးနိုင်ကြသည်။ Foundry, Machine, Assembly ရုံကြီးများ အပြိုင်အဆိုင်ကြိုးစားခဲ့ကြပြီး ပေါင်းစပ်ညှိနှိုင်း၍လည်း အကောင်အထည်ဖော်လုပ်ကိုင်ခဲ့ကြသည်။

Design ဌာနမှူး၏ CAD, CAM Software များ အကျွမ်းဝင်ပုံနှင့်လိုအပ်သော Design ကို ဆွဲနိုင်သည့်အရည်အချင်းဖြင့် SUV မော်တော်ကား Die များ ပြုလုပ်ခဲ့ပုံ၊ Foundry- Pattern မှ Design သစ်များ ပုံဖော်ပေးနိုင်မှု၊ Machine Shop မှ အကြမ်းထည်၊ အချောထည် ပုံဖော်စက်စားနိုင်မှုစွမ်းရည်များ၊ တစ်မျိုးနှင့်မရလျှင် နောက်တစ်မျိုး ဝိုင်းဝန်းစုပေါင်းစဉ်းစားကာ အသစ်အသစ်သော စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ခဲ့ကြသည်။

Sheet Metal & Welding Shop ၏အခန်းကဏ္ဍကလည်း အရေးပါသည်။ CNC Plasma Cutting နှင့် Mechnical Turet Punch Press စက်ကြီးနှစ်လုံးအပြင် အခြားစက်ပေါင်းများစွာဖြင့် သံပြားများကို ဖြတ်တောက်ပုံဖော်ကာ တွင်ခုံ (CNC Lathe) နှင့်ကြိတ်ခုံ (Milling) စက်များ၏ Cover သံပြားများ ထုတ်လုပ်ခဲ့သည်။ မိမိစက်ရုံ Foundry Furnace Crucible အရန်ပစ္စည်းအား နိုင်ငံခြားမှတင်သွင်း ရမည့်အစား Sheet Metal ရုံတာဝန်ခံမှ ဖန်တီးပြုလုပ်ပေးခဲ့သည်။

ကွန်ပျူတာဌာနမှလည်း ဌာနကြီးများ၏အလုပ်ရုံတိုင်းတွင် Network ချိတ်၍ Internet ရရှိစေရန် စွမ်းဆောင်ထားနိုင်ခဲ့သည်။ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းရာတွင် Intercom များဖြင့် ခရီးရောက်ခဲ့သည်။ စက်ရုံ၏တီထွင်ဖန်တီးခဲ့မှုများ၊ ဆောင်ရွက်ချက်၊ လုပ်ဆောင်ချက်အားလုံးကို Internet ပေါ်တွင် ကိုယ်ပိုင် Website ဖြင့် မှတ်ကျောက်တင်နိုင်ခဲ့သည်။ ယခုဆိုလျှင် ၂၀၁၀ ခုနှစ်မှစတင်ခဲ့သည့် Website သက်တမ်းမှာ ၈ နှစ်ပြည့်လုနီးပေပြီ။ မြန်မာနှင့် English Version နှစ်မျိုးဖြင့် အလုပ်အပ်သူ Customer များ သိရှိနိုင်စေရန် အမျိုးမျိုးကြိုးစားခဲ့ကြသည်။ စက်ရုံမှထုတ်လုပ်သည့် စက်များအကြောင်း Pamphlet တွင်လည်း Website လိပ်စာ www.hi25-myaing.page.tl ကို ပုံနှိပ်ဖြန့်ဝေခဲ့ဖူးပါသည်။

စာရေးသူတို့အရပ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသဖြစ်သည့်အတွက် Internet ကိုအသုံးပြု၍သာ ပညာရှာဖွေခဲ့ကြရသည်။ ထိုကြိုးစားမှုများအား ထိရောက်စွာ ပံ့ပိုးခဲ့ပါက ယခုထက်မက ခရီးရောက်ကာ အောင်မြင်မှုရနိုင်မည်ဖြစ်ပါသည်။ မည်သည့်နည်းပညာ၊ ငွေကြေးအထောက်အပံ့မျှမရှိခဲ့ဖူးသော စာရေးသူတို့၏ Website အား ဝင်ရောက်လေ့လာကြည့်နိုင်ပါသည်။ စာရေးသူတို့ကြိုးစားလုပ်ဆောင်ခဲ့မှုများသည် မှတ်တမ်းအနေဖြင့် မပျောက်မပျက်တည်ရှိနေပါသေးသည်။

ယခုတော့ အချိန်တွေလည်း ကုန်လွန်ခဲ့ပေပြီ။ ယခင်နေရာတွင် ယခင်လူများမရှိတော့။ ကျန်ရှိနေခဲ့သည့်သူများကလည်း ယခင်စိတ်ဓာတ်များ မဟုတ်တော့။ အင်မတန်တက်ကြွထက်မြက်သည့် 'နည်းပညာရပ်ဝန်း' ပွင့်လင်းမှု၊ ရင်းနှီးချစ်ခင်မှု၊ ယုံကြည်ရဲဝံ့မှုတို့ဖြင့် တည်ဆောက်ခဲ့သည့်အခြေအနေတစ်ခု ပျက်စီးသွားခဲ့ရခြင်းမှာ နှမြောစရာကောင်းလှသည်။ ဤအခြေအနေအဖြစ်အပျက်အား လက်တွဲအဖြေရှာပြုပြင်ကြရမည်မှာ စာရေးသူတို့၏တာဝန်ပေမို့ ကိုယ်စီတာဝန်ကျေကြလျှင်ဖြင့် (ဆရာဇော်ဂျီ ကဗျာ) မှ -

**'ဤမှာမြေပြင်**
**မြစိမ်းဆင်လျက်**
**ကောင်းကင်မိုးဝယ်**
**နီလာခြယ်ဖြင့်**
**အိုဘယ့်လူသား**
**နှစ်ရောင်ကြားတွင်**
**ခုံညားပေစွ ခန့်ပေစွ'**

ဟုလောကအလယ်တွင် ကြွားဝင့်တင့်တယ်နိုင်ပေလိမ့်မည်ဟုသာ. . .။

**ရှင်ထွေး**

# မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဆဌမအကြိမ်မြောက် ဂျပန်စတိုင်လ် ၁၀ ပြား ဈေးရောင်းပွဲတော်ကျင်းပ

မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းကကြီးမှူးပြီး ဆဌမအကြိမ်မြောက် ဂျပန်စတိုင်လ် ၁၀ ပြားဈေးရောင်းပွဲကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

'ဂျပန်လူမျိုးတွေဟာ သူတို့ရဲ့အိမ်တွေမှာ အသုံးမလိုတော့တဲ့ ပစ္စည်းတွေကို ဈေးပေါပေါနဲ့တခြားလူတွေ ပြန်လည်အသုံးချလို့ရအောင် ၁၀ ပြားဈေးကို ပြုလုပ်ပေးနေပြီး မြန်မာနိုင်ငံမှာလည်း အဲဒီဓလေ့ကို ကျင့်သုံးလာအောင် ပြုလုပ်ပေးတာဖြစ်ပါတယ်။ အဲဒီဓလေ့ကို ပြုလုပ်တဲ့အတွက်ပတ်ဝန်းကျင်လည်း သန့်ရှင်းမှာဖြစ်သလို မိမိအတွက်အသုံးမဝင်တော့ပေမယ့် တခြားလူအတွက် အသုံးဝင်တဲ့ပစ္စည်းတွေကို ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူလို့ရအောင် ပြုလုပ်ပေးတာဖြစ်တယ်' လို့ မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းကပြောသည်။

ဂျပန်စတိုင်လ် ၁၀ ပြားဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၈၀ ကျော်က ဂျပန်နိုင်ငံထုတ် လူသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လျှပ်စစ်ပစ္စည်းများကို ပြသရောင်းချခဲ့ပြီး ကံစမ်းမဲအစီအစဉ်များလည်း ထည့်သွင်းခဲ့သည်။

**KMC**

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးရေးအသင်းသည် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးပရဟိတလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိရာ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကမာရွတ်မြို့နယ်၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အမှိုက်ကင်းစင်ရေးကန်ပိန်းကို ပြုလုပ်ခဲ့ပြီး၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် နာဂလိှုဏ်ဂူကလေးဝတောရစာသင်တိုက်၌ သံဃာတော်များနှင့် သီလရှင်များကို ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံပေးကြောင်း သိရသည်။



**ကျောဖုံးမှ-**

SME လုပ်ငန်းများအတွက် အခြေခံစံသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ Voice သတင်းဌာန၏ ရန်ကုန်မြို့၌တည်ဆောက်မည့် မြန်မာအပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (Myanmar International Business Center-MIDC) တည်ဆောက်မည့်အခြေအနေ၊ ရေစီးအားသုံးတာဘိုင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့်အခြေအနေ၊ BPI မှထုတ်လုပ်သည့် HIV ကုသရေးဆေးဝါးမှာ FDA ခွင့်ပြုချက်ကျ/မကျ၊ BPI ထုတ်မြွေဆိပ်ဖြေဆေးများအား လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ တင်ပို့ရောင်းချမှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းချက်အပေါ် အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်တို့က ရှင်းလင်းဖြေကြားကြရာတွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်အနီး စက်မှုဝန်ကြီးဌာနပိုင်မြေနေရာ၌ ၂၇ ထပ် အဆောက်အဦ MIBC ကို တည်ဆောက်ရန်အတွက် EoI ခေါ်ယူခဲ့ပြီး တင်ဒါအောင်ကုမ္ပဏီကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ဂျပန်နိုင်ငံ NOVA စွမ်းအင်ကုမ္ပဏီထံမှနည်းပညာရယူ၍ ရေစီးအားသုံးတာဘိုင်ထုတ်လုပ်နိုင်ရန် သံလွင်မြစ်နှင့်စစ်တောင်းမြစ်နေရာအချို့၌ အကြိုရှေ့ပြေးစမ်းသပ်မှုများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နည်းပညာလွှဲပြောင်းရရှိရေး ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ BPI ထုတ် မြွေဆိပ်ဖြေဆေးများမှာ ပြည်တွင်းလိုအပ်ချက်ထက် ပိုမိုထုတ်လုပ်နိုင်ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ မြွေမျိုးစိတ်နှင့် အနီးစပ်ဆုံးတူညီသည့်မြွေများရှင်သန်ရာ ရေမြေတူ တောင်ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သို့ မြွေဆိပ်ဖြေဆေးတင်ပို့နိုင်ရေး ဆောင်ရွက်နေရာ လာအိုနိုင်ငံ FDA နှင့်ယခုလအတွင်း အပြန်အလှန် ဆွေးနွေးရန်ရှိပါကြောင်း၊ မကြာမီ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများသို့ မြွေဆိပ်ဖြေဆေးများ တင်ပို့နိုင်တော့မည်ဖြစ်ပါကြောင်း၊ HIV ရောဂါကုသ ဆေးမှာ မြန်မာနိုင်ငံ FDA မှစမ်းသပ်နေဆဲဖြစ်ပြီး မကြာမီဈေးကွက်အတွင်းသို့ ရောက်ရှိလာတော့မှာဖြစ်ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာများအား အိန္ဒိယနှင့်ဩစတြေးလျနိုင်ငံတို့မှရယူပြီး Good Manufacturing Product- GMP Guide line နှင့်အညီထုတ်လုပ်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားကြသည်။ ဆက်လက်၍ မော်ဒန်၊ ကုမုဒြာ၊ Skynet မီဒီယာများ၏ ဘယ်မောင်းမော်တော်ယာဉ်များ ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်ရန်ရှိ/မရှိ၊ ဝင်းသူဇာအရောင်းဆိုင်များ၏ လက်ရှိအခြေအနေ၊ မြန်မာမှုလက်ရာများပါရှိသည့် မှန်စားပွဲများရောင်းချရမှုအခြေအနေ၊ ယာယီရပ်ဆိုင်းထားသည့် နိုင်ငံပိုင်စက်ရုံများကိုစ္စနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနတို့ MoU ရေးထိုးဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ သိလိုသည်များကို အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက အကျယ်တဝင့် ဆွေးနွေးဖြေကြားခဲ့ကြသည်။ ❑

## အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊
## အမှတ် (၁၆) အကြီးစားစက်ရုံ (ဆင်တဲ) အတွက်
## Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၆) အကြီးစားစက်ရုံ (ဆင်တဲ) (လယ်ယာသုံးစက်နှင့်စက်ကိရိယာပစ္စည်းအမျိုးမျိုးထုတ်လုပ်ရန်) စက်ရုံနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများကို ဖိတ်ခေါ်ပါသည်။

၂။ အဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာ အထောက်အထားများယူဆောင်ပြသလျက် အောက်ဖော်ပြပါအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်-

**အဆိုပြုလွှာထုတ်ပေးမည့်ရက်** - (၁၅. ၁၂. ၂၀၁၇) ရက်နေ့
**အဆိုပြုလွှာနောက်ဆုံးပေးပို့ရမည့်ရက်** - (၁၅. ၁. ၂၀၁၈) ရက်နေ့၊ (၁၆:၀၀) နာရီ
**အဆိုပြုလွှာထုတ်ပေး/ပေးပို့ရမည့်ဌာန** - စီမံရေးဌာန၊
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊
ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၊
နေပြည်တော်။ ဖုန်း-၀၆၇-၄၀၅၁၅၉၊ ၀၆၇-၄၀၅၃၂၂

# Mazda ၏ မျိုးဆက်သစ်ဆီဒင်ကားများတွင် လေးဘီးယက်စနစ် (All Wheel Drive) ပါရှိတော့မည်

ယခုနှစ်လော့စ်အိန်ဂျယ်လိမြို့ ကားပြပွဲတွင် မာဇဒါကုမ္ပဏီမှ ၎င်း၏ ပြန်လည်မွမ်းမံထားသော Mazda 6 Model ကားကို ပြသခဲ့သည်။ အဆိုပါ အလယ်အလတ်မိသားစုစီး ဆီဒင်ကားအမျိုးအစားတွင် ကားပြင်ပကိုယ်ထည်ကို မွမ်းမံမှုအနည်းငယ်ပြုလုပ်ထားပြီး သေသေသပ်သပ်ဖြစ်အောင် တည်ဆောက်ထားသည်။ တာဘိုချာဂျာသုံး အင်ဂျင်ကို တပ်ဆင်ထားသည်။ ကားကောင်းအမျိုးအစားသစ်တစ်စီးအဖြစ် ထွက်ပေါ်လာခဲ့ပြီး အင်ဂျင်ဒီဇိုင်းအသစ်ကလည်း Tonque 310 lb-ft ကို ထုတ်ပေးနိုင်သည်။ ယခုလက်ရှိ Mazda 6 ၏ ရှေ့ဘီးယက်မောင်းစနစ်ထက် ပိုမိုသာလွန်ကောင်းမွန်သော လေးဘီးယက်မောင်းစနစ်ကို ထည့်သွင်းပေးထားသည်။

မာဇဒါကုမ္ပဏီ၏ မြောက်အမေရိကတိုက်ဆိုင်ရာ CEO ဖြစ်သူ Masahiro Moro က ပြောကြားရာတွင် လက်ရှိကား Model ဖြစ်သော Mazda 6 ကားများတွင် လေးဘီးယက် (All Wheel Drive) စနစ်တပ်ဆင်၍ မရနိုင်သေးကြောင်း၊ 2.5 Litre Turbo အင်ဂျင်နှင့် လေးဘီးယက်မောင်းစနစ်ကို တွဲဖက်တပ်ဆင်ရန် အဆင်မပြေကြောင်း ပြောကြားသည်။

မာဇဒါကုမ္ပဏီအနေဖြင့် ကားများကို အမြင့်ကားဈေးကွက်သို့ ရွှေ့ပြောင်းဝင်ရောက်ရန်နှင့် အလားအလာရှိသောဈေးကွက်ဝင် ဇိမ်ခံကားများထုတ်လုပ်ရန် စီစဉ်ထားသည်။ ကားများကို လေးဘီးယက်စနစ် (All Wheel Drive) ပါ ဆီဒင်ကားများ ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။ လေးဘီးယက်စနစ် (All Wheel Drive) ပါ ကားဈေးကွက်မှာ အတော်အတန်ကြီးမားပြီး အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်းဒေသများတွင် ရောင်းချထားသော အဆင့်မြင့်ဆီဒင်ကားများ၏ ၈၀ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းမှာ လေးဘီးယက်မောင်းစနစ်ပါကားများဖြစ်ကြသည်။



Mazda မှထုတ်လုပ်မည့် လေးဘီးယက်ကားများမှာ အမေရိကန်ပြည်ထောင်စုရှိ ကားသုံးစွဲသူများအတွက် သတင်းကောင်းတစ်ခုဖြစ်ပြီး Mazda ကုမ္ပဏီ၏ R & D ဌာနမှလည်း လေးဘီးယက်ကားစနစ်အတွက် လိုအပ်မှုများကိုထည့်သွင်း တည်ဆောက်သွားရန် ဆောင်ရွက်နေသည်။ အတိအကျအတည်မပြုနိုင်သေးသော်လည်း မျိုးဆက်သစ် Mazda 6 နှင့် Mazda 3 ကားများတွင် လေးဘီးယက်စနစ်ပါရှိနိုင်မည်ဖြစ်သည်။ စွမ်းရည်မြင့်မားသော တတိယမျိုးဆက် Mazda Speed 3 ကားများကို မြင်တွေ့ရတော့မည်။

Source : msn.com//Car Advice

**မြတ်ဇော်**



JPM
CAR SALE CENTER
Merry Christmas
Email - jpmautocenter@gmail.com
www.facebook.com/JPM Car Sale Center
HOT LINE
09 253008800
အရည်အသွေး ကောင်းမွန်သော ကားအမျိုးအစားစုံ စိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့ဆက်သွယ်စို့ . . .
အမှတ်(၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ (5 Movie ရုံးချုပ်အနီး၊ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22




ရွှေမဲခေါင် ကားဝန်ဆောင်မှုလုပ်ငန်း
Motor Show Room အမှတ်(၁၆၁)၊ကျိုက္ကဆံလမ်း၊နတ်မောက်၊တာမွေ။
Ph: 09 5427002, 09 49600954




FUMO Engineering ( Boilers & Accessories )
FUMO Engineering (Fulton Boiler Agent)
Address: No.18, Bayint Naung Rd, Shwe Pinlon Avenue,
North Dagon, Yangon, Myanmar.
Phone : 09 5416852
Email : mhhmyanmar@gmail.com


ALPINE
Purified Drinking Water
PROMISES PURITY
Tel: +959 730 971 36, +959 730 971 37

PPT
PiONEER
Power Tools Company Limited
No.113, Ground Floor, Shwedagon Pagoda Road, Latha Tsp., Yangon.
09 731 67156, 09 25 36 34441, 09 25 36 34445, 09 2575 92325
E-mail: james.minoo@gmail.com, pioneerpowertools87@gmail.com
skype : jaffmbtbiz
: j959253634445
ROCKET
SEMPROX
KANDO
makita
BOSCH
BENYU
NINJA
J-B
Möller
Germany
ROCKET


LION
ENERGY DRINK
330ml
ဘာမဆို ဖြစ်နိုင်တယ်
Vitamin
B3, B6, B12 နှင့်
TAURINE တို့ ပါဝင်သောကြောင့်
ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေပြီး…
အားပြည့် လန်းဆန်းစေပါသည်။

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပြောကြား



အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၇) ပထမအကြိမ်အစည်းအဝေးကို ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက် ၉ နာရီခွဲတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးအပြီး ညနေပိုင်းတွင် သတင်းမီဒီယာများနှင့်တွေ့ဆုံရှင်းလင်းပွဲကို စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) ၌ပြုလုပ်ရာ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ဧရာဝတီသတင်းဌာန၏ SME လုပ်ငန်းများ ချေးငွေလျှောက်ထားရယူနိုင်မှုနည်းလမ်းများ၊ အခြေခံအဆောက်အဦ အားနည်းမှုစိန်ခေါ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍မေးမြန်းချက်အပေါ် အမြဲတမ်းအတွင်းဝန်နှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းတို့က အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ၊ နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ခဲ့မှု၊ SME Agency ဖွဲ့စည်းဆောင်ရွက်သွားမည့်အစီအမံများ၊ JICA နှင့် CGI ချေးငွေအစီအစဉ်များ၊ ဦးစားပေး (၁၀) ခုသတ်မှတ်၍ ချေးငွေထုတ်ချေးပေးနေမှုအခြေအနေများ၊

**စာမျက်နှာ ၂၀ သို့-**

